ကြေးမုံ

The Mirror

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလကွယ်၊ ကြာသပတေးနေ့၊ (23-4-2009) (၆၁၀၇)

❐ မည်သည့်လုပ်ငန်းကို မည်သည့်အချိန်ကာလ၌ ပြီးစီးရမည် ဆိုသည့် လုပ်ငန်းဇယား ရေးဆွဲကြပ်မတ် အကောင်အထည်ဖော်။

❐ မန္တလေးတိုင်း စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး အတွက် အရေးပါသည့် စီမံကိန်းဖြစ်၍ တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ပူးပေါင်းအားထုတ်ဆောင်ရွက်။

အထက်ဆည်တော်ကြီးစီမံကိန်းသည် နိုင်ငံတော်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ပေးမည့်အပြင် လက်ရှိဆည်တော်ကြီး၏ ရေသောက်ရေိယာကေကို စိုက်ပျိုးရေ ပိုမိုဖြန့်ဝေနိုင်အောင် ရေကူရေဖြည့်ပေးမည် လျာထားသတ်မှတ်ထားသည့်ကာလအတွင်း စီမံကိန်းကိုပြီးစီးအောင် ဦးစားပေး အားထုတ်လုပ်ကိုင်

နေပြည်တော်   ဧပြီ   ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ်၌ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၁၉ ရက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေကူးရေလျှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၃-၄-၂၀၀၉
(ကြာသပတေးနေ့)

မြန်မာနှင့်တရုတ် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောင်းမြို့၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ဧပြီလ ၁၆ ရက်မှ ၂၀ ရက်နေ့အထိ ခရီးသွားရောက်ခဲ့သည်။

၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်၊ ပါပူဝါနယူးဂီနီ၊ အယ်ဘေးနီးယား၊ မွန်ဂိုလီးယား၊ နယူးဇီလန်၊ ကာဇက်စတန်၊ ပါကစ္စတန်၊အီရန်နိုင်ငံတို့မှနိုင်ငံအကြီးအကဲများ၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်သည်ခရီးစဉ်အတွင်းဧပြီလ ၁၇ ရက်နေ့က ဟိုင်နန်ပြည်နယ် စန်းရမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ရာဗိုလ်ချုပ်ကြီးသိန်းစိန်က **“အာရှဒေသဆိုင်ရာဘိုအောင်းဆွေးနွေးပွဲတွင်မျက်မှောက်တွေ့ကြုံနေရသည့်ကမ္ဘာ့စီးပွားရေးနှင့်ဘဏ္ဍာရေးအကျပ်အတည်းကြောင့်အာရှဒေသအပေါ် မည်ကဲ့သို့သက်ရောက်နိုင်မှုနှင့်အာရှဒေသအနေဖြင့် မည်ကဲ့သို့တုံ့ပြန်ကြမည်ဆိုသည်များကိုဆွေးနွေးအဖြေရှာဖလှယ်ကြမှာဖြစ်သည့်အတွက်လွန်စွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်များကို ကျေးဇူးတင်ရှိပါကြောင်း”** ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က **“မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်၍လယ်ယာကဏ္ဍတွင် တရုတ်နိုင်ငံမှ နည်းပညာအတွေ့အကြုံရှိသည့်အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ပါက အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းဖြစ်၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေရေးတို့အတွက်ဆက်လက်ဆောင်ရွက်လျက်ရှိသည်များကို တရုတ်နိုင်ငံမှ ထောက်ခံပါကြောင်း”** ပြန်လည်ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် ရေမြေတောတောင်ချင်းဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်သွယ်နေထိုင်လာခဲ့ကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကိုသိရှိပြီးအိမ်နီးချင်းကောင်းပီသစွာနိုင်ငံတကာမျက်နှာစာတွင်မြန်မာနိုင်ငံဘက်မှအစဉ်အမြဲရပ်တည်ပေးလျက်ရှိရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မြဲခြင်းကို ဖော်ညွှန်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်သည် မြန်မာနှင့်တရုတ်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရုံသာမက နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတိုးမြှင့်နိုင်ရေးအကျိုးဖြစ်ထွန်းမှုအခြေအနေကောင်းများ ရရှိလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နည်းပညာတက္ကသိုလ်(မှော်ဘီ)တည်ဆောက်ရေးလုပ်ငန်း တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် နည်းပညာတက္ကသိုလ် (မှော်ဘီ)ရှေ့ ရန်ကုန်-ပြည် ကားလမ်းမကြီးအား လမ်းပခုံးအကျယ် တိုးချဲ့ပြီးစီးမှုနှင့် ယာဉ်ရပ်နားမှတ်တိုင် ပြုလုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ်(မှော်ဘီ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် နံနက် ၇ နာရီတွင် နည်းပညာတက္ကသိုလ် (မှော်ဘီ)ရှေ့ ရန်ကုန်-ပြည် ကားလမ်းမကြီးအား လမ်းပခုံးအကျယ် တိုးချဲ့ပြီးစီးမှုနှင့် ယာဉ်ရပ်နားမှတ်တိုင် ပြုလုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နည်းပညာတက္ကသိုလ် (မှော်ဘီ) သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ နည်းပညာတက္ကသိုလ် (မှော်ဘီ) ပါမောက္ခချုပ်နှင့် စီမံကိန်းမန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်ရှိ စံပြကြက်ဆူစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ စုရပ်မျှော်စင်မှ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သံမဏိမိုများ ပြုလုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) လှော်ကားရေတွန်းစက်ရုံသို့ ရောက်ရှိပြီး မင်္ဂလာတောင်ညွန့်မြို့နယ်ပျဉ်ညောင်ဒေသရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘိလပ်မြေစက်ရုံ ဘိလပ်မြေသိုလှောင်ကန်၌ အသုံးပြုဆောင်ရွက်မည့် Cement Silo Mould Plate များ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ရေနှင့်သန့်ရှင်းမှု ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် ဌာနခွဲမှူး ဦးဝင်းအောင်တို့က အတွင်းအချင်း ၁၂ မီတာနှင့် အပြင် အချင်း ၁၂ ဒသမ ၅ မီတာရှိ သံမဏိမိုများ ပြုလုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းကာ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉) အခမ်းအနားကို ဧပြီ ၈ ရက်က မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဆေးတက္ကသိုလ်(၂) ရှေ့ရှိ ရေမြောင်းကြီးကို ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ယခင် မိတ္ထီလာဒေသကောလိပ်

ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

ယခင် မိတ္ထီလာဒေသကောလိပ်တွင် ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယခုနှစ် မေ ၂ ရက်(စနေနေ့)တွင် မိတ္ထီလာမြို့ မြို့တွင်းဆုတောင်းပြည့် သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယခင်မိတ္ထီလာဒေသကောလိပ်တွင် ပညာသင်ကြားပေးခဲ့ကြသော အသက် (၅၅) နှစ်ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာသင်ယူခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်း များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဒေါက်တာရဲအောင် ဖုန်း-၀၆၄-၂၅၆၅၃၊ ဦးခင်မောင်ဆွေ ဖုန်း-၀၆၄-၂၃၃၈၅တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာရဲအောင် (မိတ္ထီလာ)ဖုန်း-၀၆၄-၂၅၆၅၃၊ ဒေါက်တာနေမျိုး(မန္တလေး)ဖုန်း-၀၂-၃၉၅၀၄၊ ၀၉-၅၁၄၁၇၄၅၊ ဦးတင်ရွှေ(မန္တလေး) ဖုန်း-၀၉-၂၀၀၂၇၀၄၊ မန္တလာဦးစိုးမြင့် ဖုန်း-၀၉-၂၀၀၄၇၇၇၊ ၀၁-၆၅၅၂၄၂၊ ဒေါက်တာဇော်မင်းလွင်(ကျောက်ဆည်)ဖုန်း- ၀၉-၂၄၀၂၂၈၅၊ ဒေါ်မို့မို့အောင်(ရန်ကုန်) ဖုန်း-၀၁-၅၄၈၂၉၀၊ ၀၉-၅၀၃၀၈၈၁၊ ဒေါ်ခင်မြတ်နွယ်(ရန်ကုန်)ဖုန်း-၀၁-၅၄၈၀၄၈၊ ၀၉-၅၂၀၁၀၇၉၊ ဦးစိုးအောင်(ရန်ကုန်)ဖုန်း-၀၁-၅၇၁၇၈၁၊ ၀၉-၈၀၂၀၄၁၈၊ ဦးခင်မောင်ဆွေ(မိတ္ထီလာ)ဖုန်း-၀၆၄-၂၃၃၈၅၊ ၀၉-၂၂၀၁၃၉၄၊ ဦးစောနိုင်ထွန်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၂၆၆၊ ၂၃၆၄၄၊ ဦးမြင့်မောင်အေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်း၊စက်မှုမိတ္ထီလာ) ဖုန်း-၀၆၄-၂၃၀၇၆၊ ၀၉-၂၂၀၁၄၂၂၊ ဒေါက်တာဝင်းမောင်(ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၁၅၂၊ ဒေါ်သန္တာသန်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၈၂၉၊ ဒေါ်မြတ်မြတ်(မိတ္ထီလာ)ဖုန်း-၀၆၄-၂၄၆၀၅၊ ၀၉-၂၂၀၁၁၇၃၊ ဦးလှမြင့် (မိတ္ထီလာ)ဖုန်း-၀၆၄-၂၄၀၇၈၊ ၀၉-၅၁၆၈၈၃၃ နှင့် ဒေါ်ဂျိုင်းအေးမာမြင့် ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၆၁၂၈ တို့ထံသို့ ဧပြီလကုန် နောက်ဆုံးထား၍ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို မေ ၂ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲပါ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၏ မိသားစုဝင်များမှ အသက် (၈၀) နှင့်အထက် အပူဇော်ခံများစာရင်းနှင့်၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားများစာရင်းတို့ကို ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း)၊ ဖုန်း-၆၉၅၆၄၂၊ ဦးသာအောင် ဒု-ဥက္ကဋ္ဌ ဖုန်း-၆၄၁၆၇၉၊ ဦးမြသော် ဒု-ဥက္ကဋ္ဌ ဖုန်း-၆၆၆၈၀၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၅၀၃၂၆၀ နှင့်အဖွဲ့ဝင် ဦးမောင်လှ၊ ဖုန်း-၅၃၇၃၅၄ တို့သို့ အချိန်မီပေးပို့ရန်နှင့် မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ အသင်းဝင်များ၊ ရန်ကုန်နယ်နိမိတ်အတွင်း အခြေချနေထိုင်ကြသော မြို့သစ်ဇာတိနွယ်ဖွားများ အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်သည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့အနေဖြင့် ဒေသဆန်ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်

ဆည်ရေသောက်ဧရိယာဧကများအပါအဝင် လယ်ယာစာရင်းဇယားများ မှန်ကန်ရေး အလေးထားလုပ်ကိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အထက်ဆည်တော်ကြီး ရေကူးရေလျှောင်တမံ ဘက်စုံစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❍ ရွှေဖုံးမှ

နံနက်ပိုင်းတွင် မန္တလေးမြို့မှ မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေကူးရေလျှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ယင်းနောက် စီမံကိန်းယာယီရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆည်တော်ကြီးရေလှောင်တမံ၏ အထက်ဘက် ၃၃ မိုင်ခန့်အကွာ နမ့်ပက်ချောင်းပေါ်၌ ရေဧကပေ ငါးသိန်းကျော် သိုလှောင်မည့် ရေလှောင်တမံတည်ဆောက်၍ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်အားရှိသော စက်သုံးလုံးတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် အောက်ဘက်ရှိ ဆည်တော်ကြီးရေလှောင်တမံသို့ ရေကူးရေဖြည့်ပေးရန် ရည်ရွယ်၍ အထက်ဆည်တော်ကြီးစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ရေလှောင်တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၃၂၀၀၊ အမြင့်ပေ ၂၄၀ ရှိမည်ဖြစ်ပါကြောင်း၊ တမံအူကြောင်းသုံးနေရာ ရှာဖွေတိုင်းတာခဲ့ပြီးနောက် ယခု တမံအူကြောင်းနေရာကို စိစစ်ရွေးချယ်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

> **အထက်ဆည်တော်ကြီး ရေကူးရေလှောင် တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ် တပ်ဆင်အား မဂ္ဂါဝပ် ၆၀ ဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၁၅ ကီလိုဝပ်နာရီသန်း ထုတ်ပေးနိုင်မည့်အပြင် လက်ရှိ ဆည်တော် ကြီး ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမို တိုးတက်ခိုင်မာစေမည့် စီမံကိန်းဖြစ်။**

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်ရမည့် လုပ်ငန်းကဏ္ဍများဖြစ်သော ချဉ်းကပ်လမ်း ဖောက်လုပ်ခြင်း အပါအဝင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင် တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆက်လက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေယူအဆောက်အအုံ၊ ရေယူဥမင်၊ ရေဆောင့်ဖြေကန်၊ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ရေထုတ်မြောင်း Switch Yard တို့ကို တာဝန်ယူ တည်ဆောက်ရမှာဖြစ်ပါကြောင်း၊ အထက်ဆည်တော်ကြီးစီမံကိန်း၌ ဓာတ်အားမဂ္ဂါဝပ် ၂၀ စီ ထုတ်လုပ်မည့် စက်သုံးလုံး တပ်ဆင်ထားခြင်းဖြင့် မဂ္ဂါဝပ် ၆၀၊ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၃၁၅ ကီလိုဝပ် နာရီသန်း ထုတ်လုပ်သွားနိုင်မှာဖြစ်ကြောင်း၊ အောက်ဘက်ရှိ ဆည်တော်ကြီး လက်ရှိ ရေအားစက်ရုံ၏ ထုတ်လုပ်မှုကိုလည်း ၁၃၄ကီလိုဝပ်နာရီသန်းမှ ၁၉၄ကီလိုဝပ်နာရီ သန်းအထိ ကီလိုဝပ်နာရီသန်း ၆၀ ထပ်မံတိုးမြှင့်ထုတ်လုပ်ပေးနိုင်မှာဖြစ်၍ တည်ဆောက်လျက်ရှိသော အထက်ဆည်တော်ကြီးနှင့် လက်ရှိ အောက်ဆည်တော်ကြီးနှစ်ခု ပေါင်းစပ်၍ တစ်နှစ်ဓာတ်အား ကီလိုဝပ်နာရီ ၅၀၉ သန်းအထိ တိုးတက်ထုတ်လုပ်နိုင်မှာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လက်ရှိဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံမှထုတ်လုပ်သည့် ဓာတ်အားများကို လက်ခံရယူ ဖြန့်ဖြူးပေးနေသောစနစ်၊ အထက်ဆည်တော်ကြီးစီမံကိန်း ပြီးစီးပါက အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံမှထုတ်လုပ်မည့် ဓာတ်အားများကို လက်ခံရယူဖြန့်ဖြူးပေးမည့် စနစ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဤအထက်ဆည်တော်ကြီး စီမံကိန်းသည် နိုင်ငံတော်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ပေးမှာဖြစ်သည့်အပြင် လက်ရှိ ဆည်တော်ကြီး၏ ရေသောက်ဧရိယာဧကကို စိုက်ပျိုးရေ ပိုမိုဖြန့်ဝေနိုင်အောင် ရေကူးရေဖြည့်ပေးမည့် စီမံကိန်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားအတွက်ရော၊ စိုက်ပျိုးရေအတွက်ပါ ပိုမိုအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်များဖြင့် ရင်းနှီးမြှုပ်နှံထူထောင်သော စီမံကိန်းဖြစ်၍ စီမံကိန်းကြီးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ရန်လိုကြောင်း၊ လျာထားသတ်မှတ်ထားသည့်ကာလအတွင်း စီမံကိန်းကို ပြီးစီးအောင် ဦးစားပေး အားထုတ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအလိုက် တာဝန်ယူတည်ဆောက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး သုံးစွဲမည့်လုပ်အားပိုင်း၊ ငွေကြေးပိုင်း၊ ယန္တရားပိုင်းနှင့်ပစ္စည်းပိုင်း တွက်ချက်မှုများနှင့် အတူ မည်သည့်လုပ်ငန်းကို မည်သည့်အချိန်ကာလ၌ ပြီးစီးရမည်ဆိုသည့် လုပ်ငန်းဇယား ရေးဆွဲ၍ ကြပ်မတ်အကောင်အထည်ဖော်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာ နယ်မြေတာဝန်ခံတိုင်းမှူးကလည်း စီမံကိန်းလုပ်ငန်းများကို ကြပ်မတ်သွားရန်ဖြစ်ကြောင်း၊ မန္တလေးတိုင်း စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် အရေးပါသည့် စီမံကိန်းဖြစ်၍ တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အားထုတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏ ရေသောက်ဧရိယာအခြေအနေ၊ ဆည်တမံလုပ်ငန်းသစ်များကြောင့် အသစ်ထပ်မံတိုးပွားလာနိုင်မည့် ရေသောက်ဧရိယာ၊ စပါးစိုက်ဧရိယာ တိုးချဲ့နိုင်မည့် အလားအလာနှင့် ဒေသဆန် ဖူလုံမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆက်လက်မေးမြန်းညှိနှိုင်းသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီးများကလည်း စပါးစိုက်ဧကတိုးချဲ့နိုင်မည့် အခြေအနေ၊ တစ်ဧကအထွက်နှုန်း တိုးတက်မည့်အလားအလာ၊ မြစ်ရေတင်စီမံကိန်းများ၏ ရေသောက်စနစ်၊ စိုက်ပျိုးနိုင်သည့်သီးနှံပုံစံနှင့် လျှပ်စစ်ဓာတ်အားရရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်း စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မြေစာရင်းဌာနတို့မှ တာဝန်ခံများကလည်း ရေသောက်ဧရိယာ၌ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးမှု၊ သီးနှံစိုက်ဧကတိုးတက်မှုနှင့် စပါးစိုက်ဧကတိုးတက်လာနိုင်မည့်အခြေအနေတို့ကို တင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့အနေဖြင့် ဒေသဆန်ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဆည်ရေသောက်ဧရိယာဧကများ အပါအဝင် လယ်ယာစာရင်းဇယားများမှန်ကန်ရေးအတွက် အလေးထားလုပ်ကိုင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

အထက်ဆည်တော်ကြီး ရေကူးရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ် တပ်ဆင်အား မဂ္ဂါဝပ် ၆၀ ဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၁၅ ကီလိုဝပ်နာရီသန်း ထုတ်ပေးနိုင်မည့်အပြင် လက်ရှိ ဆည်တော်ကြီး ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမို တိုးတက်ခိုင်မာစေမည့် စီမံကိန်းဖြစ်သည်။

ထို့အပြင် ဆည်တော်ကြီး ရေလှောင်တမံသို့ ရေကူးရေဖြည့်ပေးနိုင်သဖြင့် နွေစပါး စိုက်ဧက ၁၀၀၀၀ ခန့်ကို ထပ်မံတိုးမြှင့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အထက်ဆည်တော်ကြီးစီမံကိန်းမှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာရာ စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင် ရေလှောင်တမံနှင့် ဆည်တော်ကြီးရေလှောင်တမံတို့၏ ရေဝင်မှုအခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ "ထေရဝါဒမိတ်ဆက်"တရားတော်
(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၃)
၇း၃၀ TOM & JERRY
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့်
လေ့လာရေးခရီးစဉ် (အပိုင်း-၄)
၉း၁၅ အနုပညာမိုးကောင်းကင်
၉း၄၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
၉း၅၀ တိုးတက်စည်ပင် ပတ္တမြားမြေတစ်ခွင်
၁၀း၀၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်(ဒီဇိုင်နာမမဥ္ဇူနှင့်တွေ့ဆုံခြင်း)
၁၀း၅၅ ဒီဂျစ်တယ်ကတ္တားအစ စီထွာက
၁၁း၁၅ စားချင်စဖွယ်နည်းအသွယ်သွယ်
(ဝက်သားမြှောင်းတရုတ်ပဲငပိနှင့် ပင်လယ်စာမုန့်ညင်းလိပ်)
၁၁း၃၅ ဖန်တီးတီထွင်ရုပ်သေးအနုပညာရှင်
၁၂း၀၅ Shopping Guide (ကမ္ဘာအေးဂမုန်းပွင့်မြေညီထပ်)
၁၂း၃၀ Fragrant Rice (အပိုင်း-၁)
၁း၀၀ "ထေရဝါဒမိတ်ဆက်"တရားတော်
(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၅ Fashion Music Festival
၂း၃၅ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး"တစ်ခုပညာကိုယ်စီပါ"
၂း၄၅ ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animational ပုံပြင်စာအုပ်မှာ
၃း၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ"ရိုက်ကွင်းဘုရင်"
၃း၃၅ Study Guide (Win Japanese Language School)
၃း၅၀ တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၄း၀၅ တေးဂီတအစီအစဉ်
၄း၂၀ အင်းအလှနဲ့သစ်ခွသဘင်(အပိုင်း-၁)
၄း၄၀ Yangon Panorama
(အထက ၁၊ဒဂုံကျောင်းသား၊ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ)
၅း၀၅ နတ်လူသာခုခေါ်စေသော်ဝ်
(ခေတ်သစ်၊ဝိုင်းစုခိုင်သိန်း၊သတိုးစော)(ဒါရိုက်တာ-သော်ကိုကိုကျော်)
၅း၂၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (S ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၆း၀၀ MRTV-4 ညနေခင်းသတင်း
၆း၁၅ Fashion Music Festival
၆း၅၅ အနုပညာမိုးကောင်းကင်
၇း၂၀ စက်မှုစီးပွား ထုတ်ကုန်အား(ကော်ဖီမှုန့်ထုတ်လုပ်မှုနည်းစနစ်များ)
၇း၄၀ ဓာတ်ပုံထဲမှအမှတ်တရများ (ရှင်ဖုန်း)
၈း၀၀ MRTV-4 သတင်း
၈း၁၅ Shopping Guide (ကမ္ဘာအေးဂမုန်းပွင့်မြေညီထပ်)
၈း၃၅ ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animational ပုံပြင်စာအုပ်မှာ
၉း၀၀ Yangon Panorama
(အထက ၁၊ဒဂုံကျောင်းသား၊ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ)
၉း၃၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၃)
၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁း၄၅ တေးဂီတအစီအစဉ်
၁၂း၀၀ လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၂း၁၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (S ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၁၂း၄၅ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **VHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အာဖဂန်နစ္စတန် အနောက်ပိုင်း၌ အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွား

ကဘူး ဧပြီ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်၌ ဧပြီ ၂၀ ရက်က အသေခံဗုံးဖောက်ခွဲမှုကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးခန်းနှင့် ပြည်နယ်ကောင်စီဝင်များရှိသည့် အုပ်ချုပ်ရေးအဆောက်အအုံခြံဝင်း တုန်လှုပ်သွားခဲ့သည်။

အဆိုပါ ဗုံးဖောက်ခွဲသမားသည် အုပ်ချုပ်ရေး အဆောက်အအုံ ခြံဝင်းအတွင်း ဝင်ရောက်ရန်ကြိုးပမ်းရာ ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် သေကျေဒဏ်ရာရရှိမှုကို ပြောကြားခြင်း မရှိချေ။

သို့သော် အမည်မဖော်လိုသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားရာတွင် ဗုံးပေါက်ကွဲမှုကြောင့် ပြည်နယ်ကောင်စီအကြီးအကဲ ဟူမာယုံ အဇစ်ဇီအပါအဝင် သုံးဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

အင်တာနက်။

ဂျမေကာနိုင်ငံ မွန်တီဂိုဘေး ရှိ လေဆိပ်တွင်အပိုင်စီးခံရသော လေယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ ဈေးအတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံစုံပါဝင်သည့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးစစ်ရေးလေ့ကျင့်မှု ကမ္ဘောဒီးယားတပ်ဖွဲ့များ ပူးပေါင်းပါဝင်

ဖနောင်ပင် ဧပြီ ၂၂

အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံစုံပါဝင်သော ငြိမ်းချမ်းမှုထိန်းသိမ်းရေး စစ်ရေးလေ့ကျင့်မှုကို ဂါရူဒါရှီးလ် ၂၀၀၉ ဟူသောအမည်ဖြင့် ကျင်းပသွားရန်ရှိသည်။ ထိုစစ်ရေးလေ့ကျင့်မှုသို့ ကမ္ဘောဒီးယားနိုင်ငံက တပ်ဖွဲ့ဝင် ၆၁ ဦးစေလွှတ်၍ ပူးပေါင်းဆင်နွှဲမည်ဖြစ်ကြောင်း ကမ်ပူးချားသတင်းဌာန(အေကေပီ)က ဗုဒ္ဓဟူးနေ့တွင်ထုတ်ပြန်သည်။

ကမ္ဘောဒီးယား လက်နက်ကိုင်တပ်ဖွဲ့၏ ဗိုလ်ချုပ်ကြီးဖြစ်သူ ဆမ်ဆိုဖာနီအား ကိုးကား၍ အေကေပီသတင်းဌာနက ဖော်ပြခြင်းဖြစ်သည်။ ၎င်းသည် အမျိုးသားငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည့်အပြင် မိုင်းနှင့် မပေါက်ကွဲသေးသော စစ်ကျန်လက်နက်များရှင်းလင်းရေးအဖွဲ့၏ အကြီးအကဲလည်းဖြစ်သည်။ နိုင်ငံစုံပါဝင်သည့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးစစ်ရေးလေ့ကျင့်မှုကို ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ လက်ခံကျင်းပရန်အစီအစဉ်ရှိကြောင်းလည်း သိရသည်။

အင်တာနက်။

အီရတ်၌ အသေခံဗုံးဖြင့်တိုက်ခိုက် ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံး

ဘာကူဘာ ဧပြီ ၂၂

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်မြို့တော် ဘာကူဘာတွင် ဧပြီ ၂၀ ရက်က အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကင်းလှည့်စဉ် အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် သုံးဦး ထက်မနည်း သေဆုံးပြီး ၁၂ ဦးခန့် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ၆၅ ကီလိုမီတာခန့်အကွာရှိ ဘာကူဘာမြို့ လယ် တာပိုလမ်းတွင် အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ ခြေကျင်ကင်းလှည့်စဉ် အသေခံဗုံးဖြင့် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

အင်တာနက်။

အိန္ဒိယကွန်မြူနစ်သူပုန်များ မီးရထားအပိုင်စီး

နယူးဒေလီ ဧပြီ ၂၂

အိန္ဒိယနိုင်ငံတွင် ကွန်မြူနစ်သူပုန်များက အထွေထွေရွေးကောက်ပွဲအကြိုကာလ၌ ရထားတစ်စီးကို အပိုင်စီးထားရာမှ ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်၍ ရထားခရီးသည် ၅၀၀ခန့်မှာ ပြန်လည်လွတ်မြောက်လာပြီဖြစ်သည်။

လက်နက်ကိုင်သူပုန် ၂၀၀ ခန့်က အပိုင်စီးထားရာမှ လေးနာရီမျှအကြာတွင် ပြန်လွှတ်ပေးလိုက်သဖြင့် မီးရထားကို သိမ်းပိုက်ထားသည့် ပြဿနာမှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုရထားအပိုင်စီးသည့်ကိစ္စမှာ သူပုန်များက ရွေးကောက်ပွဲမတိုင်မီ အင်အားပြသည့်အနေဖြင့်ပြုလုပ်သော လှုပ်ရှားမှုပင် ဖြစ်သည်ဟုဆိုသည်။

နိုင်ငံ၏အရှေ့ပိုင်း ဂျာဟတ်ဟန်ပြည်နယ်တွင် ဖြစ်ပွားသော အဆိုပါဖြစ်ရပ်တွင် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်းသိရသည်။

နာဟားလ်ဟုအမည်ရသော သူပုန်များသည် ရထားပေါ်သို့ တက်ရောက်လာပြီးနောက် ရထားမောင်းသူအား ရထားကို ချောင်ကျသော လာတီဟာခရိုင်သို့ ခုတ်မောင်းသွားစေခဲ့သည်။ အဆိုပါဒေသသို့ရောက်သောအခါ သူပုန်များသည် ရထားနှင့် ခရီးသည်များကို ထားခဲ့ပြီး နီးစပ်ရာတောအတွင်းသို့ ဝင်ရောက်သွားကြသည်။

ကွန်မြူနစ်သူပုန်ပြဿနာသည် အိန္ဒိယနိုင်ငံအတွက် အကြီးမားဆုံးသော လုံခြုံရေး အန္တရာယ်ပင်ဖြစ်သည်ဟု ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။ ထိုသူပုန်များ၏ လက်ချက်ကြောင့် ၂၀၀၈ ခုနှစ်အတွင်းက အရပ်သူအရပ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၅၀၀ မျှ အသက်ဆုံးရှုံးခဲ့ရသည်။

အိန္ဒိယနိုင်ငံသည် ဧပြီလနှင့် မေလအတွင်း အထွေထွေရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ရာ ထိုရွေးကောက်ပွဲအတွင်း မဲပေးပိုင်ခွင့်ရှိသူပေါင်း ၇၁၄ သန်းတို့က မဲပေးကြမည်ဖြစ်သည်။

ယခင်နှစ်များအတွင်းကလည်း ကွန်မြူနစ်သူပုန်များသည် အင်အားပြသောသဘောဖြင့် ရထားများကို နာရီအတန်ကြာအောင် အပိုင်စီးထားလေ့ရှိသည်။ ရထားနှင့် ခရီးသည်များကို အချိန်အတန်ကြာ ထိန်းသိမ်းထားပြီးနောက် တစ်စုံတစ်ရာ အန္တရာယ်မပေးဘဲ ပြန်လည်၍လွှတ်ပေးလေ့ရှိသည်။ **အင်တာနက်။**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသတွင် လုံခြုံရေးကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းမှတ်စု

ဟွန်ဒိုင်းနှင့် ကီယာကုမ္ပဏီထုတ်ကား ၄၈၀၀၀ကျော် ပြန်သိမ်း

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကားထုတ်လုပ်သူ ဟွန်ဒိုင်းနှင့် ကီယာမော်တော်ကားကုမ္ပဏီက ဘရိတ်မီးချွတ်ယွင်းမှုကြောင့် ကားစီးရေ ၄၈၆၃၆ စီး ပြန်လည်သိမ်းဆည်းနေကြောင်း တနင်္လာနေ့ထုတ် ကိုရီးယားတိုင်းမ်က ဖော်ပြသည်။

၂၀၀၆ ခုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလအတွင်း ထုတ်လုပ်သော ဟွန်ဒိုင်းကုမ္ပဏီမှ ဆန်တာဖီး၊ ဗီရာကရုဇ်၊ အဗင်တီ၊ ဆိုနာတာနှင့် ဂရင်းဒီယာအမျိုးအစားကား ၃၇၇၉၄ စီးနှင့် ကီယာကုမ္ပဏီမှ ကာနီဗယ်၊ ဂရင်းကာနီဗယ်၊ စပေ့တက်၊ ကာရင်းစ်နှင့်ဆော်ရင်တိုအမျိုးအစား ၁၀၈၄၂ စီး တို့အပါအဝင် အဓိကကားများကို ပြန်လည်သိမ်းဆည်းမည်ဖြစ်သည်။

ချူကလီးယားဓာတ်အားပေးစက်ရုံငါးရုံ တရုတ် တည်ဆောက်မည်

ယခုနှစ်၌ တရုတ်နိုင်ငံအရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသတို့တွင် ချူကလီးယားဓာတ်အားပေးစက်ရုံ ငါးရုံတည်ဆောက်ရန် တရုတ်နိုင်ငံက စီစဉ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းငါးခုကို ဇီကျန်ပြည်နယ်ကမ်းရိုးတန်း၊ ရှန်ဒေါင်ပြည်နယ်နှင့် တောင်ပိုင်းရှိ ကွမ်တုန်နှင့် ဟိုင်နန်ပြည်နယ်တို့တွင် တည်ဆောက်မည်ဖြစ်ကြောင်း အမျိုးသားစွမ်းအင်စီစစ်ရေးအဖွဲ့(အင်န်အီးအေ)က ပြောကြားသည်။

သီရိလင်္ကာမြောက်ပိုင်း၌ အသေခံဗုံးဖောက်ခွဲ၊ ၁၇ ဦး သေဆုံး

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းရှိ စစ်မဲ့ဇုန်အတွင်း တမီလ်ကျားသူပုန်များ၏ အသေခံဗုံးဖောက်ခွဲမှုကြောင့် ဧပြီ ၂၀ ရက် နံနက်ပိုင်းက အရပ်သား ၁၇ ဦး ထက်မနည်း သေဆုံးသွားကြောင်း စစ်ဘက်က ပြောကြားသည်။

ဖတ်တူမာတာလန်ဒေသ၌ စစ်မဲ့ဇုန်စတုရန်းကီလိုမီတာ ၂၀ အတွင်း တမီးလ်ကျားသူပုန်လက်ထဲမှ အရပ်သား ၁၀၀၀၀ ခန့်အား ကယ်တင်ရန် တပ်ဖွဲ့ဝင်များ ကြိုးပမ်းစဉ် ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းမှ ဗုံးဖောက်ခွဲမှု ဖြစ်ပွားရာနေရာမှ ဒဏ်ရာရရှိသွားသူတစ်ဦးအား ဆေးရုံသို့ သယ်ဆောင်နေသည်ကို တွေ့ရစဉ်။

ဟောင်ကောင်၌ အလုပ်လက်မဲ့နှုန်း သုံးနှစ်အတွင်း အမြင့်ဆုံးကြုံတွေ့

ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ဟောင်ကောင်တွင် အလုပ်အကိုင်ဈေးကွက်များ ကျဆင်းခဲ့ရာ အလုပ်လက်မဲ့နှုန်းမှာ သုံးနှစ်အတွင်း ပထမသုံးလပတ်၌ အမြင့်ဆုံးနှင့် ကြုံတွေ့ခဲ့ရကြောင်း တနင်္လာနေ့တွင် စာရင်းအင်းဌာနက ပြောကြားသည်။

ဟောင်ကောင်တွင် အလုပ်လက်မဲ့နှုန်းသည် ဒီဇင်ဘာလမှ ဖေဖော်ဝါရီ သုံးလပတ်အတွင်း ၅ ရာခိုင်နှုန်းမှ ဇန်နဝါရီမှ မတ်လ ကာလအတွင်း ၅ ဒသမ ၂ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်း၊ ယင်းသုံးလပတ် နှစ်ခုစလုံးတွင် အလုပ်လက်မဲ့နှုန်းသည် ၂ ဒသမ ၁ ရာခိုင်နှုန်း၌ ရပ်တည်နေစဉ် ယင်းကဲ့သို့ မြင့်တက်လာခဲ့ကြောင်း ထိုဌာနက ထည့်သွင်းပြောကြားသည်။

နီပေါအနောက်ပိုင်း၌ အမျိုးအမည်မသိတိရစ္ဆာန်တွေ့ရှိ

နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူ၏ အနောက်ဘက် ၂၀၅ ကီလိုမီတာခန့်အကွာရှိ တမ်ဂဟတ်ဒေသတွင် အမျိုးအမည်မသိ သတ္တဝါတစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နီပေါနိုင်ငံ (အာရ်အက်စ်အက်စ်)သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါခြေလေးချောင်း တောရိုင်းတိရစ္ဆာန်သည် အလေးချိန် သုံးကီလိုဂရမ်ရှိပြီး ဦးခေါင်းမှအမြီးထိ ၁၀၈ စင်တီမီတာရှည်ကြောင်း၊ တမ်ဂဟတ်ဒေသရှိ နွားတင်းကုပ်တစ်ခုအတွင်း၌ ဖျားနာနေသော အခြေအနေတွင် ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊ အဆိုပါတိရစ္ဆာန်အား ခရိုင်သစ်တောဌာနက ထိန်းသိမ်းထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဆိုမာလီတောင်ပိုင်း၌ ပြည်တွင်းအကူအညီပေးရေးဝန်ထမ်း ပစ်သတ်ခံရ

ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် နိုင်ငံခြားသားကယ်ဆယ်ရေး ဝန်ထမ်းနှစ်ဦး ပြန်ပေးဆွဲခံရပြီး နာရီပိုင်းအကြာ ဆိုမာလီနိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ မာကာတွင် ညသန်းခေါင်ယံအချိန်က ပြည်တွင်းအကူအညီပေးရေး ဝန်ထမ်းတစ်ဦးအား သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာသော အဖွဲ့အတွက် လုပ်ကိုင်နေသော အိုမာရှာရစ်အား ၎င်း၏အိမ်အနီး၌ သေနတ်သမားများက ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

စုစည်းဘာသာပြန်ဆိုသူ-စိုးစိုးနိုင်

တရုတ်နိုင်ငံ ဇီကျန်ပြည်နယ်တွင် တည်ဆောက်လျက်ရှိသော စန်မန်အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတွင် တတိယမျိုးဆက်သစ် အဏုမြူဓာတ်ပေါင်းဖိုများ တည်ဆောက်

အဏုမြူစွမ်းအား သတင်း

စန်မန် ဧပြီ ၂၂

တရုတ်နိုင်ငံသည် တနင်္ဂနွေနေ့မှစ၍ ရေဖိအားသုံး အဏုမြူဓာတ်ပေါင်းဖိုမျိုးဆက်သစ်များကို စတင်တည်ဆောက်နေပြီဖြစ်သည်။

ယင်းဓာတ်ပေါင်းဖိုများသည် အမေရိကန်အခြေစိုက် ဝက်စ်စတင်းဟောက်စ်ကုမ္ပဏီ၏ အေပီ ၁၀၀၀ နည်းပညာကို အသုံးပြု တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အသစ်တည်ဆောက်မည့်ဓာတ်ပေါင်းဖိုသည် တရုတ်နိုင်ငံ၏ အရှေ့ပိုင်း ဇီကျန်ပြည်နယ် စန်မန်အရပ်တွင် တည်ရှိမည်ဖြစ်ပြီး ကမ္ဘာပေါ်၌ အထက်ပါနည်းပညာကိုအသုံးပြု၍ ပထမဆုံး တည်ဆောက်သည့် ဓာတ်ပေါင်းဖိုလည်းဖြစ်သည်။

စန်မန်နျူကလီးယားဓာတ်ပေါင်းဖိုကို အဆင့်သုံးဆင့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကာ ပထမအဆင့်တွင် ရင်းနှီးမြှုပ်နှံမှုယွမ်ဘီလီယံ ၄၀ ကျော် သို့မဟုတ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၈ ဘီလီယံ ကျခံသုံးစွဲသွားမည် ဖြစ်သည်။

ပထမအဆင့်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမည့် ယူနစ်နှစ်ခု ပါဝင်မည်ဖြစ်သည်။ ယူနစ်တစ်ခုလျှင် ဓာတ်အား ကီလိုဝပ် ၁ ဒသမ ၂၅ သန်း ထုတ်လုပ်ပေးနိုင်သောအင်အားရှိမည်ဖြစ်ကြောင်း သိရသည်။

ပထမယူနစ်သည် ဓာတ်အားကို ၂၀၁၃ ခုနှစ်တွင် စတင်ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ဒုတိယယူနစ်သည် ဓာတ်အားကို ၂၀၁၄ ခုနှစ်တွင် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ယင်းလုပ်ငန်းခွင်တွင် ယူနစ်စုစုပေါင်း ခြောက်ခု ပါရှိမည်ဟု ဆိုသည်။

ထိုအဏုမြူဓာတ်ပေါင်းဖို တည်ဆောက်ရေးလုပ်ငန်း စီမံချက်သည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် အကြီးဆုံး စွမ်းအင်ဆိုင်ရာလုပ်ငန်း အစီအမံဖြစ်ကြောင်း ဇန်ဂေါင်ဘောင်က ပြောကြားသည်။ ၎င်းသည် အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ရေးကော်မရှင်လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးဌာန၏ အကြီးအကဲလည်း ဖြစ်သည်။

ယခုစီမံချက်သည် လူသားများ၏ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးလုပ်ငန်း တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ပါဝင်နေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံသည် တတိယမျိုးဆက်သစ် အဏုမြူဓာတ်ပေါင်းဖိုတည်ဆောက်ရေးအတွက် တင်ဒါခေါ်ယူသည့်လုပ်ငန်းကို ၂၀၀၃ ခုနှစ်ကစတင်၍ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထိုဆောက်လုပ်ရေးလုပ်ငန်းတင်ဒါကိုအမေရိကန်ဝက်စ်စတင်းဟောက်စ်ကုမ္ပဏီအပြင် ပြင်သစ်နိုင်ငံမှ အာရီဗာအဏုမြူလုပ်ငန်းနှင့် ရုရှားမှ အက်တမ်စထရိုင်အိတ်စပို့ ကုမ္ပဏီတို့ကလည်း အပြိုင်ဝင်ရောက်၍ လေလံပွဲ၌ ယှဉ်ပြိုင်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာမြောက်ပိုင်း စစ်ဖြစ်ပွားရာနယ်မြေမှ ပြည်သူထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်

ကိုလံဘို ဧပြီ ၂၂

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း စစ်ဖြစ်ပွားရာနယ်မြေမှ ပြည်သူ ထောင်ပေါင်းများစွာသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြသည်။

တစ်ချိန်တည်း၌ပင် တမီလ်ကျားသူပုန်များအား အစိုးရတပ်ဖွဲ့များက ချေမှုန်းရေး စစ်ဆင်နွှဲလျက်ရှိကြသည်။

ပြီးခဲ့သောနှစ်ရက်အတွင်းက မြောက်ပိုင်းစစ်နယ်မြေအတွင်းမှ ပြည်သူ၇၈၀၀၀ တို့သည် ဘေးကင်းရာ အစိုးရတပ်ဖွဲ့များရှိသည့် နယ်မြေသို့ ကူးပြောင်းလာခဲ့ကြသည်။ ထိုအချိန်တွင် သီရိလင်္ကာအစိုးရတပ်ဖွဲ့များက သူပုန်နယ်မြေအတွင်း ချီတက်တိုက်ခဲ့သဖြင့် ကျားသူပုန် ၃၅ဦးကို နှိမ်နင်းနိုင်ခဲ့ကြောင်း စစ်ဘက်သတင်းများက ဖော်ပြသည်။

အစိုးရတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် မကြာသေးမီလများအတွင်းက တမီလ်ကျားသူပုန်များသည် ၎င်းတို့၏ အခိုင်အမာစခန်းများကို စွန့်လွှတ်ခဲ့ကြရပြီး ကျဉ်းမြောင်းသော မြောက်ဖျားနယ်မြေတွင် ပိတ်ဆို့ခံထားရသည်။ ယခုအခါ သူပုန်များသည် ၇ စတုရန်းမိုင်မျှသာ ကျယ်ဝန်းသော နယ်မြေအတွင်း ပိတ်မိလျက်ရှိသည်။ သူပုန်များရှိရာနယ်မြေအတွင်း အရပ်သား အများအပြားလည်း ပိတ်မိလျက်ရှိကြောင်း သတင်းများအရ သိရသည်။

အစိုးရတပ်ဖွဲ့များက ဆက်လက်ဆင်နွှဲနေသော ထိုးစစ်ကြောင့် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင် ကျားသူပုန်လက်နက်ကိုင်အုပ်စုများသည် နှစ်ပိုင်းကွဲသွားသည့် အခြေအနေသို့ရောက်ရှိသွားပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

စစ်ဖြစ်ပွားရာနယ်မြေမှ လူအများအပြား စွန့်ခွာထွက်ပြေးလာသည်ဆိုသောသတင်းကို ကုလသမဂ္ဂက အတည်ပြုပြောကြားသည်။ သတင်းများအရ ထွက်ပြေးလာသူအရေအတွက်မှာ ၆၀၀၀၀ ကျော်ရှိသည်ဟုလည်းကောင်း၊ လွတ်မြောက်လာသူများမှာ ၁၁၀၀၀၀ အထိ များပြားသည်ဟုလည်းကောင်း သတင်းအမျိုးမျိုး ထွက်လျက်ရှိသည်။

ဂျဖနာနှင့် ဘာဗူနီယာမြို့များရှိ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသူဦးရေသည် ၇၅၀၀ ရှိပြီဖြစ်ပြီး ကျန်ဒုက္ခသည်များမှာ ကြားစခန်း၌ပင် ရှိနေကြသေးသည်ဟု ဆိုသည်။

အင်တာနက်။

သီရိလင်္ကာနိုင်ငံမြောက်ဖျား စစ်မက်ဖြစ်ပွားရာနယ်မြေမှ ဘေးလွတ်ရာသို့ ထွက်ပြေးလာကြသော ပြည်သူအချို့အား ဧပြီ ၂၂ ရက်က ဘာဗူနီယာအရပ်၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုရီးယားတောင်-မြောက် ဆွေးနွေးပွဲပြီးဆုံး

ဆိုးလ် ဧပြီ ၂၂

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် အကျပ်အတည်းနှင့် ကြုံတွေ့နေရသော လုပ်ငန်းစီမံချက်များအပေါ် ဆွေးနွေးပွဲကို အင်္ဂါနေ့တွင်စတင်၍ မကြာမီပြီးဆုံးသွားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ဧပြီ ၅ ရက်က ဒုံးပျံစမ်းသပ်ပစ်လွှတ်ခြင်း နျူကလီးယား အစီအစဉ်ပြန်စရန်နှင့် လက်နက်ဖျက်သိမ်းရေး ဆွေးနွေးပွဲမှ ထွက်ခွာရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပြစ်တင်ရှုတ်ချပြီးနောက် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ ပေါ်ပေါက်နေစဉ် အဆိုပါ စည်းဝေးပွဲကို ကျင်းပခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအတွင်း ကေဆောင်းစက်မှုဇုန်၌ အင်္ဂါနေ့ည နှောင်းပိုင်းတွင် စတင်ကျင်းပကြောင်း၊ စည်းဝေးပွဲအား စီမံခန့်ခွဲမည့်အပေါ် နာရီပေါင်းများစွာ အငြင်းပွားခဲ့ကြကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လီဂျောင်ဂျိုးကပြောကြားသည်။ ဆွေးနွေးပွဲမှာ ၂၂မိနစ်မျှသာကြာမြင့်သည်။

ဆွေးနွေးပွဲပါအချက်အလက် အသေးစိတ်များကို လီကထုတ်ဖော် ပြောဆိုခြင်း မပြုပေ။

အင်တာနက်။

အမေရိကန်တွင် မိသားစုငါးဦး သတ်သေမှုဖြစ်ပွား

ဝါရှင်တန် ဧပြီ ၂၂

အမေရိကန်ပြည်ထောင်စုရှိ မာရီလန်းပြည်နယ်တွင် မိန်းမနှင့် ကလေးသုံးဦးကို သတ်ပြီးနောက် မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုတစ်ခု ဖြစ်ပွားကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု မာရီလန်းပြည်နယ်ရှိ ဝါရှင်တန်လမ်းမကြီးပေါ်၌ ဒေသခံလူမျိုးများ နေထိုင်ရာအဆောက်အအုံ၏ ပထမထပ်တွင် သေဆုံးနေသော မိသားစုငါးဦး၏ ရုပ်အလောင်းများကို ဗုဒ္ဓဟူးနေ့ နံနက်စောစောပိုင်းတွင် ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိကြောင်း သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ရဲတပ်ဖွဲ့မှ ပြောကြားသည်။

ဖခင်ဟု ယူဆရသော အသက် ၃၄ နှစ်အရွယ်ရှိ ခရစ်စတိုဖာဝုဒ်သည် ၎င်း၏ မိသားစုလေးဦးကို သတ်ပြီးနောက်မှ အိပ်ရာ၏ခြေရင်းဘက်တွင် သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု ရဲကဆိုသည်။

ဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံးနေသော ယင်းမိသားစု၏ အဖြစ်အပျက်သည် အလွန်ကြောက်မက်ဖွယ်ရာကောင်းကြောင်း၊ ၎င်းတို့ မိသားစုသည် အသက် ၄ နှစ်မှ ၅ နှစ်ကြားရှိ ကလေးသုံးဦးနှင့်အတူ ၎င်းနေအိမ်သို့ ပြောင်းရွှေ့လာသည်မှာ ငါးလခန့်သာ ရှိသေးကြောင်း ရဲအရာရှိက ပြောကြားသည်။

၎င်းတို့၏ အိမ်နီးချင်းများကမူ သတင်းထောက်များသို့ ပြောကြားချက်အရ အဆိုပါမိသားစုသည် အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင် လှုပ်ရှားလေ့ရှိကြောင်း၊ ယင်းကဲ့သို့ ကြေကွဲဝမ်းနည်းဖွယ်ရာအဖြစ်ဆိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု မထင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံစေ့စပ်ဆွေးနွေးရေး ဆောင်ရွက်ရန် နယ်စပ်ကျေးရွာ ပန်မွန်ဂျုံသို့ ရောက်ရှိလာသော ကိုယ်စားလှယ်များကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်ရှိ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းမှ ဝန်ထမ်းများအားအသက်အန္တရာယ်ပြုမည်ဟု ခြိမ်းခြောက်

ဒါကာ ဧပြီ ၂၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဘာရီဆာယ်လ်မြို့၌ အစွန်းရောက်သမား များဟု ယူဆရသူများက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းသုံးခုမှ ဝန်ထမ်းများအား သတ်ဖြတ်မည်ဟု ခြိမ်းခြောက်သည့်သတင်းများရရှိပြီးနောက် ဘင်္ဂလားဒေ့ရှ်တွင် လုံခြုံရေးအထူးတင်းကျပ်ထားကြောင်း အင်္ဂါနေ့တွင် ထွက်ပေါ်လာသော ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။

ခြိမ်းခြောက်ခံရသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းသုံးခုမှာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (ဒဗလျူအက်ဖ်ပီ)နှင့် အပြည်ပြည်ဆိုင်ရာ လခြမ်းနီနှင့် ကြက်ခြေနီအဖွဲ့ (အိုင်အက်ဖ်အာရ်စီ)တို့ဖြစ်သည်။ ခြိမ်းခြောက်စာအပေးခံရသော ဘာရီဆာယ်လ်မြို့သည် မြို့တော်ဒါကာမှ ကီလိုမီတာ ၂၇၀ အကွာတွင် တည်ရှိသည်။

ခြိမ်းခြောက်စာများပေါ်တွင် ဂျမာတူလ်မူဂျာဟီဒင် ဘင်္ဂလားဒေ့ရှ်(ဂျေအမ်ဘီ)မှ ပေးပို့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းအဖွဲ့အစည်းသည် မတရားအသင်းကြေညာခံထားရသော အဖွဲ့အစည်းဖြစ်သည်။

ထိုသို့ခြိမ်းခြောက်ခံရပြီးနောက်ပိုင်း၌ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ တည်ရှိရာအဆောက်အအုံတွင် ရဲတပ်ဖွဲ့မှအစောင့်များကိုချထားကြောင်း ဘာရီဆာယ်လ်ရဲတပ်ဖွဲ့မှ အထက်တန်းအရာရှိ ကာဇီမော်တာဇ်အာမက်က ပြောကြားသည်။

အင်တာနက်။

အဏုမြူလက်နက်ပိုင်ဆိုင်ရန် ဂျပန်ကြိုးစားမည်မဟုတ်ဟုဆို

တိုကျို ဧပြီ ၂၂

ဂျပန်နိုင်ငံအနေဖြင့် အဏုမြူလက်နက်ရှိထားသင့်သည်ဆိုသော အယူအဆကို ဘဏ္ဍာရေးဝန်ကြီးဟောင်း ရှိုချီနာကာဂါဝါကမကြာသေးမီက ပြောကြားခဲ့သည်။ ထိုအဆိုပြုချက် ထွက်ပေါ်လာသည်မှန်သော်လည်း ဂျပန်နိုင်ငံသည် အဏုမြူလက်နက်ကို လက်ဝယ်ပိုင်ဆိုင်ထားမည် မဟုတ်ကြောင်း ထိပ်တန်းအစိုးရ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

အဏုမြူလက်နက်ကိစ္စနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် မူဝါဒသုံးရပ်ကို ခိုင်ခိုင်မာမာစွဲကိုင်ထားကြောင်း ဝန်ကြီးအဖွဲ့အတွင်းရေးမှူး တာကီအိုကာဝါမူရာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ထိုအဏုမြူလက်နက်ဆိုင်ရာ မူဝါဒသုံးရပ်မှာအဏုမြူလက်နက် ထုတ်လုပ်ခြင်းမပြုရန်၊အဏုမြူလက်နက် လက်ဝယ်ပိုင်ဆိုင်ထားရှိခြင်းမပြုရန်နှင့် ဂျပန်မြေပေါ်တွင် အဏုမြူလက်နက်ထားရှိခြင်းမပြုရန်ဟူသော မူဝါဒများပင်ဖြစ်သည်

အင်တာနက်။

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ

ကျော်ရဲမင်း

မင်္ဂလာနှစ်သစ်နဲ့အတူ မင်္ဂလာသတင်းတွေပဲ ဆက်တိုက်ဆိုသလို ကြားနေရလို့ ကျွန်တော်တို့ပြည်သူတိုင်း ဝမ်းသာပီတိဖြစ်ကြရပါတယ်။ အဲဒီ မင်္ဂလာ သတင်းတွေထဲမှာ KNU သောင်းကျန်းသူအဖွဲ့က ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြရဲ့သား ဗိုလ်ကြီးအဆင့်ရှိတဲ့ စောနေစိုးမြနဲ့အဖွဲ့ ငြိမ်းချမ်းရေး ရယူဝင်ရောက်လာတဲ့ သတင်းကြောင့် နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ်အတွက် ပိုပြီးဝမ်းသာအားတက် ဖြစ်ရပါတယ်။

နိုင်ငံတော်အစိုးရဟာ လွတ်လပ်ရေးရစဉ်ကတည်းက လွတ်လပ်ရေးနဲ့ အတူ ပေါက်ဖွားလာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှု မီးတောက်ကြီးကို အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်တွေနဲ့ ကြိုးပမ်း ငြိမ်းသတ်လျက်ရှိတာ အားလုံးအသိပါပဲ။ အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေးဆိုတာကို နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာ တစ်ချက်ပါဝင် ချမှတ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ တရားဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာစေရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း တပ်မတော်အစိုးရ ရဲ့ တည်ကြည်တဲ့ သဘောထားခံယူချက်၊ ဖြောင့်မှန်တဲ့ စေတနာအရင်းခံတွေ ကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြ၊ ငြိမ်းချမ်းရေး ရယူတည်ဆောက်ခဲ့ကြတာ အခုဆိုရင် အဖွဲ့ကြီး ၁၇ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်း ၂၀ကျော် ရှိခဲ့ပါပြီ။

တစ်ဖက်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်ဆိုတဲ့စွမ်းအား စုကြီးသုံးရပ်ရဲ့ ညီညွတ်လက်တွဲမှုနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မူဝါဒ လမ်းစဉ်(၇)ရပ်ကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို အခြားတစ်ဖက်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ နယ်စပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်တရားဥပဒေဘောင်အတွင်းဝင်ရောက် ခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့များနဲ့လက်တွဲပြီး နိုင်ငံတည်ငြိမ် အေးချမ်းရေးနဲ့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုအရှိန်အဟုန်နဲ့ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

တကယ်တော့ ဒေသဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် ဒေသတွင်းတည်ငြိမ် အေးချမ်းမှုဟာမရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ ဒေသ တွင်း တည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အနှောင့်အယှက်ကင်းကင်းနဲ့ ဖြောင့်ဖြောင့်တန်းတန်း အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်မှာ မဟုတ်လား။ ဒါကို ဗိုလ်ကြီးစောနေစိုးမြနဲ့အဖွဲ့က ကောင်းကောင်း နားလည်သဘောပေါက်ခဲ့ပါပြီ။

ဗိုလ်ကြီးစောနေစိုးမြက သူတို့ဟာ နိုင်ငံတော်အစိုးရရဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်ချက်တွေအပေါ် နားလည်ယုံကြည်မှု ရှိလာတာကတစ်ကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်စေ ရန်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဟာ မရှိမဖြစ် လိုအပ် ချက်ဖြစ်တယ်လို့ ယုံကြည်လက်ခံလာတာက တစ်ကြောင်း၊ နယ်မြေ အေးချမ်းသာယာမှုကြောင့် ဖြစ်ထွန်းရရှိလာတဲ့ ဒေသဖွံ့ဖြိုး တိုးတက်မှု အခြေအနေများအပေါ် ဒေသခံပြည်သူများအနေနဲ့ကြည်နူးဝမ်းသာပီတိ ဖြာလျက်ရှိနေကြောင်းမျက်ဝါးထင်ထင်တွေ့မြင်နေရတာကတစ်ကြောင်း၊ တရားဥပဒေဘောင်အတွင်း စောစီးစွာဝင်ရောက်ခဲ့ကြပြီးဖြစ်တဲ့ တိုင်းရင်း သား အဖွဲ့အစည်းများအပေါ် နိုင်ငံတော်က စာနာ နားလည်ပြီး နွေးထွေးစွာ စောင့်ရှောက်ပံ့ပိုးပေးထားမှုတွေကြောင့် အေးချမ်းတည်ငြိမ် လာတာနဲ့အမျှ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခဲ့တာတွေကို မျက်မြင်လက်တွေ့သိရှိ သဘောပေါက်လာခဲ့တာက တစ်ကြောင်း၊ တစ်ဖက်ကလည်း KNU ရဲ့ ရည်မှန်းချက်နဲ့ လုပ်ဆောင်ချက်များဟာ ကရင်ပြည်သူလူထု ကောင်းစားရေးနဲ့ အလှမ်းဝေးလွန်းတဲ့အပြင် လက်တွေ့မှာ ကရင်လူထုကို ဒုက္ခတွင်းထဲကိုသာ တွန်းပို့နေကြောင်း အဆုံးတိုင် သိမြင်လာတဲ့အတွက်ကြောင့်တစ်ကြောင်း စတဲ့ အကြောင်း ကြောင်းတွေကြောင့် ကွယ်လွန်သူ ဗိုလ်ချုပ်စောဘိုမြရဲ့သား ဗိုလ်ကြီး စောနေစိုးမြ ဦးစီးတဲ့အဖွဲ့ဟာ တရားဥပဒေဘောင်အတွင်းကို ထပ်မံ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဖခင်ဖြစ်သူ ဥက္ကဋ္ဌ စောဘိုမြ မသေမီကဆန္ဒကို လက်တွေ့လိုက်နာ ဖော်ဆောင်တဲ့အနေနဲ့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာကို လာရောက်ပူးပေါင်းခဲ့ကြ ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ဗိုလ်ချုပ်ထိန်မောင်ဦးစီးတဲ့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဟာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ငြိမ်းချမ်းရေးရယူခဲ့ပြီး ထို့ကော်ကိုး မှာ အခြေချခဲ့တာပါ။ သူတို့ ငြိမ်းချမ်းရေးရယူပြီး နှစ်ပတ်သုံးပတ်အကြာမှာ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုနဲ့အတူ ကျွန်တော်လည်း ထို့ကော်ကိုးကို ရောက် ဖူး ခဲ့ပါတယ်။ အဲဒီတုန်းက ထို့ကော်ကိုးကျေးရွာကို စပြီးတည်ဆောက်နေတုန်း အခြေအနေပါ။ မြေထိုးစက်ကြီးတွေ၊ မြေတူး၊ မြေသယ်စက်ကြီးတွေနဲ့ လမ်းအူ ကြောင်းတွေဖောက်၊ မြေမျက်နှာပြင်ပြုပြင်၊ ရွာကိုစနစ်တကျ အကွက်ချပြီး တည်ဆောက်နေကြဆဲပါ။ သို့သော် အဲဒီအချိန် မှာတုန်းကတောင် အိမ်ခြေ ၄၀-၅၀ခန့်၊ ပျဉ်ထောင်၊ သွပ်မိုး၊ ခြေတံရှည် နှစ်ထပ်နဲ့ ခိုင်ခိုင်ခံ့ခံ့၊ သပ်သပ် ရပ်ရပ်၊ စီစီညီညီ တွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် ဆေးပေးခန်း၊ ကုန်ပစ္စည်း အရောင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဝင်းသူဇာဆိုင်၊ ဆံပင်ညှပ်ဆိုင်ကအစ ပြည့်စုံတဲ့ အနေအထားတစ်ခုကို ချက်ချင်းဖြည့်ဆည်း ဖော်ဆောင်ပေးထား တာကို တွေ့ရှိခဲ့ရပါတယ်။ တကယ့်ကို အားရလောက်စရာပါပဲ။

တစ်ဖက်ကလည်း အဲဒီခရီးစဉ်အတွင်းမှာ ရိုးသားတဲ့ ဒေသခံတွေရဲ့ ရွှန်းလဲ့ဝင်းပတဲ့ ပီတိပြုံးတွေ၊ ကျေနပ်အားရတဲ့ ရင်တွင်းစကားတွေကို တွေ့ခွင့်၊ မြင်ခွင့်၊ ကြားသိခွင့်ရခဲ့ပါတယ်။ ဥပဒေဘောင်အတွင်း မဝင်မီက သူတို့ နေထိုင်ဖြတ်သန်းခဲ့ရတဲ့ အနေအထားနဲ့ အခုဥပဒေဘောင်အတွင်းမှာ နိုင်ငံ တော်ရဲ့ ပံ့ပိုးမှုနဲ့ နေထိုင်ဖြတ်သန်းနေရတဲ့ အနေအထားကို နှိုင်းယှဉ် ကြည့်ပြီး လက်ရှိဘဝသစ်မှာ အားတက်ပျော်ရွှင်နေကြတာ တွေ့ရလို့ ဝမ်းသာမိတာ လည်း အမှန်ပါပဲ။ အထူးသဖြင့် ရိုးသားပွင့်လင်းပြီး စိတ်သဘောထားဖြူစင်တဲ့ အဘိုးဦးထိန်မောင်ရဲ့ အပြုံးတွေ၊ အားပါပြီး လေးနက်ဖြောင့်မှန်တဲ့ အဘိုး ဦးထိန်မောင်ရဲ့ ရင်တွင်းစကားတွေကို ယခုအချိန်ထိ ပြန်ပြီး မြင်ယောင်၊ ကြားယောင်နေမိဆဲပါ။

အခု ထို့ကော်ကိုးဒေသရဲ့ လက်ရှိအခြေအနေတွေကို တီဗွီသတင်းမှာ မျက်ဝါးထင်ထင် ပြန်ပြီးတွေ့မြင်ရတော့ ကျွန်တော်ရောက်ခဲ့စဉ်ကထက် အဆပေါင်းများစွာ ပိုပြီးဖွံ့ဖြိုးတိုးတက်စည်ပင်နေတာ တွေ့ရပါတယ်။ ဒါက လည်း နိုင်ငံတော်ရဲ့ အားပေးကူညီထောက်ပံ့မှုအပေါ်မှာ ဒေသခံတိုင်းရင်းသား တွေရဲ့ အားတက်သရော ကြိုးပမ်းတည်ဆောက် မြှင့်တင်ဆောင်ရွက်မှုတွေ ကြောင့် ဖြစ်တယ်လို့ပဲဆိုရမှာပါ။ အခုဆိုရင် ဗိုလ်ကြီးစောနေစိုးမြတို့ အဖွဲ့ပါ ထပ်ပြီးရောက်လာပြီဆိုတော့ ထို့ကော်ကိုးဒေသဟာ ပိုပြီးတိုးတက်၊ ပိုပြီး စည်ပင်၊ ပိုပြီးသာယာလှပလာတော့မှာ မုချကေန်ပါပဲ။

စောနေစိုးမြနဲ့ အဖွဲ့ဝင်များကို တောတွင်းတစ်နေရာကနေ ထို့ကော်ကိုးကို ရောက်တဲ့အထိ နယ်မြေခံတပ်ရင်းများက တာဝန်ရှိသူတွေ၊ တပ်မတော်သား စစ်သည်မိသားစုဝင်တွေက ကူညီပံ့ပိုးကြိုဆိုစောင့်ရှောက်ပြီး ပို့ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ ထို့ကော်ကိုးကျေးရွာမှာလည်း ကရင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီး အကဲတွေ၊ စောနေစိုးမြရဲ့ ဦးလေးဖြစ်သူ ဦးထိန်မောင်ဦးစီးတဲ့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ အဖွဲ့ဝင်တွေ၊ ဒေသခံပြည်သူတွေ စုစုပေါင်းအင်အား ၁၀၀၀ကျော်က ဝမ်းမြောက်ဝမ်းသာ ပန်းကုံး၊ ပန်းစည်းတွေ ကမ်းပြီး စည်စည် ကားကား သိုက်သိုက်မြိုက်မြိုက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုခဲ့ကြတာပါ။ ဂုဏ်ပြုကြိုဆိုပွဲနဲ့အတူ စောနေစိုးမြအဖွဲ့နဲ့ မှီခိုသူ မိသားစုဝင်များအတွက် အသုံးအဆောင်ပစ္စည်းတွေ၊ ရိက္ခာနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေ၊ အဝတ်အထည် များနဲ့ မိသားစု တစ်စုချင်းအလိုက် ထောက်ပံ့ငွေတွေကို တာဝန်ရှိသူအဆင့် ဆင့်က ပြည့်ပြည့်စုံစုံ လက်ငင်းထောက်ပံ့ကူညီ ပေးခဲ့ကြပါတယ်။ အလားတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ မိသားစုဝင်များကလည်း ဘဝတူချင်း အပေါ် ထက်သန်တဲ့စေတနာနဲ့ အသုံးအဆောင်ပစ္စည်းတွေ ထောက်ပံ့ပေးအပ် ခဲ့ကြတာကို တွေ့မိပါတယ်။ တစ်ဖက်နိုင်ငံမှာ ဒုက္ခရောက်လွန်းလို့၊ မခံစား နိုင်တော့လို့ မိခင်နိုင်ငံရဲ့ ငြိမ်းချမ်းတဲ့ရင်ခွင်ကို ပြန်လည်ဝင်ရောက်လာကြတဲ့ စောနေစိုးမြတို့ အဖွဲ့ဝင်တွေအနေနဲ့ ဘယ်လောက်များ ဝမ်းသာပီတိ ဖြစ်ရှာ မလဲလို့တွေးရင်း ကျွန်တော်ကိုယ်တိုင်လည်း ကြည်နူးလွန်းလို့ မျက်ရည်များ တောင် လည်မိပါတယ်။ ဒါဟာ ငြိမ်းချမ်းရေးရဲ့ အစ၊ ငြိမ်းချမ်းရေးရဲ့ မှန်ဦးတံခါးဝပဲ ရှိပါသေးတယ်။ ရှေ့ဆက်ပြီး ဒီထက် ပျော်စရာ၊ ကြည်နူးစရာ၊ စိတ်ချမ်းမြေ့စရာ လူမှုစီးပွားဘဝ အခြေအနေတွေကို ပိုင်ဆိုင်ရယူ ခံစားကြ ရဦးမှာပါလို့ မျှော်လင့်မိပါတယ်။

တစ်ဆက်တည်းမှာပဲ သက်ဆိုင်ရာတာဝန်ရှိသူတွေက စောနေစိုးမြနဲ့ အဖွဲ့ဝင် မိသားစုတွေကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နိုင်ငံတော်အစီအစဉ်နဲ့ နေအိမ်တွေ ဆောက်လုပ်နေရာချထားပေးခဲ့သလို စိုက်ပျိုးလုပ်ကိုင် စားသောက်ဖို့ မြေနေရာများကိုလည်း အလုံအလောက် ချထားပေးခဲ့ပါတယ်။ အလားတူ သောက်သုံးရေနဲ့ လျှပ်စစ်မီးရရှိအောင် စီမံပေးသလို ကျန်းမာရေးနဲ့ ပညာရေးလိုအပ်ချက်များအတွက်လည်း မမေ့မလျော့ ဖြည့်ဆည်းစီမံပေးခဲ့ ပါတယ်။ ဒါ့အပြင် နိုင်ငံတော် အစိုးရက ရေရှည်စီမံချက်များနဲ့ ဆက်လက် ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလို နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့ စေတနာနဲ့ နွေးထွေးတဲ့ကြိုဆိုမှုတွေကြောင့် စောနေစိုးမြနဲ့ အဖွဲ့ဝင်မိသားစုများဟာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှု အောက်မှာ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနဲ့ ပူးပေါင်းလက်တွဲပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အားတက်သရော ဆောင်ရွက်သွားကြဖို့ ဆန္ဒပြင်းပြနေပြီး ကရင်ပြည်နယ် ဒေသတစ်ခုလုံး အေးချမ်းတည်ငြိမ်အောင်၊ လက်နက်ကိုင် တိုက်ခိုက်မှုများ ထာဝရချုပ်ငြိမ်းသွားရအောင် ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ တကယ့်ကို နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်အတွက် အားတက်ဖွယ်ကောင်းတဲ့ ပေါင်းစည်းလက်တွဲ အောင်မြင်မှုတစ်ရပ်ပါပဲ။

ယခုလို ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ ငြိမ်းချမ်းရေးရင်ခွင်ထဲကို ဝင်ရောက်လာခဲ့ကြတဲ့သတင်းအပေါ် တစ်နိုင်ငံလုံးက ပြည်သူအားလုံး ဝမ်းသာလှိုက်လှဲ ကြိုဆိုခဲ့ကြတာမှန်ပေမယ့် ကရင်ပြည်နယ် ပြည်သူများ ကတော့ သူများထက်ပိုမှာ အသေအချာပါပဲ။ ကရင်ပြည်သူများအနေနဲ့ အခုလို ငြိမ်းချမ်းရေးအတွက် လာရောက်ပူးပေါင်းခဲ့တာဟာ သူတို့ဒေသ၊ သူတို့ပြည်နယ် တည်ငြိမ်အေးချမ်းဖို့၊ သူတို့ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ခိုင်မာတဲ့အာမခံချက်တစ်ခု ရရှိလိုက်တာပဲ မဟုတ်လား။ ဒါကြောင့်လည်း ပြီးပြည့်စုံတဲ့ အာမခံချက် ရရှိနိုင်ဖို့အတွက် တစ်နည်း အားဖြင့် ကရင်ပြည်နယ်တစ်ခုလုံး အေးချမ်းတည်ငြိမ်ပြီး ဒေသဖွံ့ဖြိုး တိုးတက်မှုတွေကို မြန်မြန်ဆန်ဆန် ဖော်ဆောင်ရရှိနိုင်စေရေးအတွက် လက်ကျန် KNU အဖွဲ့များ အားလုံးဟာလည်း ဗိုလ်ကြီးစောနေစိုးမြ တို့လို အမြန်ဆုံးငြိမ်းချမ်းရေး ရယူဝင်ရောက်လာကြပါစေလို့ ဆန္ဒပြု မျှော်လင့်နေမှာ အမှန်ပါ။

တကယ်တော့ ကရင်ပြည်နယ်ဟာ အေးချမ်းသာယာလှပသလို ကရင် ပြည်သူတွေဟာ ပွင့်လင်းရိုးသားဖြူစင်တဲ့ ချစ်စရာ့တိုင်းရင်းသားတွေ ဖြစ်ကြ ပါတယ်။ သို့သော် KNU ရယ်လို့ စတင်ပေါ်ပေါက်လာတဲ့ အချိန်ကစပြီး ကရင်ပြည်နယ် ဒေသကြီးတစ်ခုလုံးကို အရုပ်ဆိုးအကျည်းတန်စေခဲ့သလို ကရင်ပြည်သူတွေကိုလည်း ပင်လယ်ထက်ကြီးတဲ့ဒုက္ခတွေနဲ့ ဆူဆူဝေစေခဲ့ ပါတယ်။ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုများနဲ့ ဒေသခံပြည်သူတွေ အတိဒုက္ခရောက်အောင် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက် ဖျက်ဆီးခဲ့ကြပါတယ်။ ဒါ့အပြင် KNU ဟာ အနောက်မျှော်ဝါဒနဲ့ ပြည်ပ အားကိုးပြီး အမျိုးသားရေးကိုပါ သစ္စာဖောက်ခဲ့ကြပါတယ်။

တစ်ချိန်တုန်းကတော့ KNU ဟာ အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက် ဖျက်ဆီးမှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှုနဲ့ ကလေးသူငယ်တွေကို အဓမ္မလူသစ်စုဆောင်းမှု ကုန်ကုန်ပြောရရင် မသမာတဲ့ အဓမ္မမှုမှန်သမျှ လိုင်စင်ဆွဲထားသလို တရစပ်ကျူးလွန်ခဲ့ကြသူတွေ ဖြစ်ပါ တယ်။ အခုချိန်မှာတော့ ပြောပလောက်အောင် မကျန်တော့တဲ့ ရှိစုမဲ့စု အင်အားလေးနဲ့ ပြည်ပဆရာကြီးတွေ ကြိုးဆွဲရာကရတဲ့ဒေါ်လာစား ကြေးစား ရုပ်သေးရုပ်တစ်ရုပ် ဖြစ်နေပါပြီ။ ပြည်တွင်းမှာ ရပ်တည်နိုင်စွမ်း မရှိတော့လို့ မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရတဲ့ဘဝ ရောက်နေပါပြီ။

KNU နဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုသမိုင်းကို ပြန်ကောက်ကြည့်ရင် ၁၉၄၉ ခုနှစ်ကစပြီး KNU နဲ့ တပ်မတော်တို့ဟာ အလွတ်သဘော(၃)ကြိမ်၊ တရားဝင်(၄)ကြိမ် ဆွေးနွေးခဲ့ကြဖူးပါတယ်။ ဒါပေမယ့် သူတို့ဘက်က ကောက်နေတာကို ဖြေလျှော့ မပေးနိုင်တဲ့အတွက် တွင်းဝင်မဖြောင့်ခဲ့ဘူးလို့ ဆိုရမှာပါပဲ။ ဒါပေမယ့်လည်း KNU ကနေခွဲထွက်ပြီး တစ်ဖွဲ့ချင်း တရား ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတာ စုစုပေါင်း(၆)ဖွဲ့၊ အခုစောနေ စိုးမြ အဖွဲ့ပါဆိုရင် (၇)ဖွဲ့ရှိခဲ့ပါပြီ။ ဦးသာထူးကျော် ခေါင်းဆောင်တဲ့ DKBA အဖွဲ့၊ ဦးစောသမူဟဲ ခေါင်းဆောင်တဲ့ တပ်မဟာ(၆) တပ်ရင်း(၁၆)အဖွဲ့၊ ဦးစောဖယ်ရီမိုး ခေါင်းဆောင်တဲ့ သံတောင်ဒေသ တပ်မဟာ(၂) အဖွဲ့၊ ဖဒိုအောင်ဆန်း ဦးဆောင်တဲ့အဖွဲ့၊ ဦးကိုကြီးခေါင်းဆောင်တဲ့ တပ်မဟာ (၂)အဖွဲ့၊ ဗိုလ်ချုပ်ထိန်မောင် ဦးဆောင်တဲ့ KNU/ KNLA ငြိမ်းချမ်းရေး ကောင်စီအဖွဲ့တွေပဲ ဖြစ်ပါတယ်။

အဲဒီအဖွဲ့တွေအားလုံးဟာ သူတို့အခြေစိုက်တဲ့ ဒေသတွေနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို တပ်မတော်အစိုးရနဲ့အတူ လက်တွဲလုပ်ဆောင်နေကြပါပြီ။ ဖွံ့ဖြိုး တိုးတက်မှု အသီးအပွင့်တွေကိုလည်း အသီးသီး အသကအသက ရရှိ ခံစားနိုင်နေကြပါပြီ။ အရင် KNUတွေ မင်းမူကြီးစိုးနေတုန်းက ဘဝ တွေနဲ့စာရင် အများကြီး ဖွံ့ဖြိုးတိုးတက်လာခဲ့တာ အထင်အရှားပါပဲ။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ ဆက်သွယ်ရေးစခန်းတွေ၊ လမ်း တံတားတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းတွေနဲ့ သူတို့အားလုံးရဲ့ လူမှုစီးပွားဘဝတွေဟာ မြင့်သည်ထက် မြင့်မားတဲ့ အဆင့်တစ်ခုကို ရောက်ရှိနေကြပါပြီ။ တကယ့်ကို သူတို့အတွက် ဝမ်းမြောက်စရာပါ။

တကယ်တော့ စိတ်ရင်းဖြူဖြူစင်စင်နဲ့ တိုင်းပြည်နဲ့လူမျိုးအကျိုး အတွက်ကြည့်မယ်၊ လုပ်မယ်ဆိုရင် လုပ်တဲ့အဖွဲ့တိုင်း အောင်မြင် ကြတာ ပါပဲ။ ဒီလိုအောင်မြင်ဖို့အတွက် သဘောထားမှန်ဖို့၊ ခံယူရပ်တည်ချက် မှန်ဖို့ အထူးအရေးကြီးပါတယ်။ အခုလို DKBA တို့၊ ဖဒိုအောင်ဆန်း၊ ဦးစောသမူဟဲ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

☆ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု အောင်မြင်ဖို့ဆိုရာမှာ ကျွန်တော် ခုနက ပြောသလိုပဲ ဖြူစင်ဖြောင့်မှန်တဲ့သဘောထား၊ လေးနက်မှန်ကန်တဲ့ ရပ်တည်ခံယူချက် မရှိမဖြစ် လိုအပ်ပါတယ်။ တစ်ဖက်က တပ်မတော်အစိုးရရဲ့ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအပေါ်ထားရှိတဲ့ မျှော်လင့်ချက်နဲ့ သဘောထားကိုလည်း တကယ်သက်ဝင် ယုံကြည်လက်ခံပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် အရင်အစဉ်အဆက် နားယောင် သက်ဝင်ခဲ့တဲ့ ပြည်ပသွေးထိုးမှုတွေကိုလည်း နယ်စပ်မှာဖယ်ချချန်ထားရစ်ခဲ့ဖို့ အရေးကြီး ပါတယ်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြီးအုံကြီးဝ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော ရေလှောင်တမံစီမံကိန်းအဆင့်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဝန်ကြီးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်အကြီးအကဲ၏ မန္တလေးတိုင်း ခရီးစဉ်တွင် လိုက်ပါလာကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီတွင် ရဟတ်ယာဉ်ဖြင့် မန္တလေးမြို့မှ ပုဂံညောင်ဦးမြို့၊ ထိုမှတစ်ဆင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် သူကောင်းကျင်းရွာအနီး မုန်းချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူတည်ဆောက်နေသော အထက်ဖူးရှာ ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြရာ မွန်းလွဲပိုင်း၌ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အုန်းက အထက်ဖူးရှာ ရေလှောင်တမံစီမံကိန်း၏ အကြိုတည်ဆောက်ရေးလုပ်ငန်းများ၊ ရေစိမ့်တားနံရံတည်ဆောက်ရန် ဘူမိဗေဒဆိုင်ရာ အချက်အလက်များ စမ်းသပ်ခြင်း၊ တမံတည်ဆောက်ရန် မြေသားအမျိုးအစား ဘူမိဗေဒဆိုင်ရာ စမ်းသပ်နေမှုများ၊ ရေလွှဲဥမင်လိုဏ်နှင့် ရေအားလျှပ်စစ်ဥမင်လိုဏ် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများတည်ဆောက်ရန်နှင့် ရေပိုလွှဲတည်ဆောက်ရန်နေရာများ တိုင်းတာနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အထက်ဖူးရှာ ရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၂၅မိုင်ခန့်အကွာ သူကောင်းကျင်းရွာအနီး မုန်းချောင်းအထက်ပိုင်းပေါ်၌တမံအလျား ပေ ၄၀၀၀၊ အမြင့် ၄၅၁ ပေရှိသည့် ကျောက်ဖြည့်ရေလှောင်တမံတည်ဆောက်ရေး စီမံကိန်းဖြစ်ပြီး ရေလှောင်နိုင်သည့် ပမာဏ ဧကပေ ၁၄ သိန်းကျော်ရှိကာ လျှပ်စစ်ဓာတ်အားကိုလည်း ရေအားလျှပ်စစ်တာဘိုင်စက် နှစ်လုံးဖြင့် မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃ မိုင်ခန့်အကွာ အထက်ဖူးရှာစီမံကိန်း၏ အောက်ဘက်ရှိ ဖူးရှာရေလှောင်တမံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် နွေစပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် ရှုရပ်မှနေ၍ ဖူးရှာရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖူးရှာရေလှောင်တမံစီမံကိန်း၏ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ကလည်း အထက်ဖူးရှာနှင့် ဖူးရှာရေအားလျှပ်စစ်စက်ရုံများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း လျာထားသတ်မှတ်ချိန်အတွင်းပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေး ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ဖူးရှာရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ရေစိမ့်တား နံရံတည်ဆောက်နေမှု၊ ပင်မတမံ သပ်ကျင်းတူးဖော်မှု၊ တမံမြေသားဖို့နေမှု၊ ဘိလပ်မြေမှုတ်သွင်းနေမှု၊ ရေလွှဲမြောင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖူးရှာ ရေလှောင်တမံစီမံကိန်းသည် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃ မိုင်ခန့်အကွာ မုန်းချောင်းပေါ်၌ တမံအလျားပေ ၃၂၀၀၊ အမြင့် ၁၅၁ ပေ ရှိသည့် မြေသားတမံ (ဇုန်အမျိုးအစား) အဖြစ် တည်ဆောက်ပြီး ရေအားလျှပ်စစ် ၂၀ မဂ္ဂါဝပ် နှစ်လုံးတပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၁၉၅ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

ဖူးရှာ ရေလှောင်တမံစီမံကိန်း ပြီးစီးပါက မုန်းချောင်းရေလှောင်တမံသို့ ရေကူရေဖြည့်ပေးခြင်းဖြင့် အောက်ဘက်ပိုင်းရှိ မုန်းချောင်းရေအားလျှပ်စစ်နှင့်တည်ဆောက်ဆဲ ကြီးအုံကြီးဝ ရေအားလျှပ်စစ်တို့၏ ဓာတ်အားထုတ်လုပ်နိုင်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့ဝင်များသည် မုန်းချောင်း အောက်ဆုံးပိုင်း၌ တည်ဆောက်နေသော ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်း၏ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းမှ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကလည်း မုန်းချောင်း ရေလှောင်တမံအဆင့်ဆင့်ကဲ့သို့ပင် စလင်းရေလှောင်တမံ၏ ရေကူတမံ အဆင့်ဆင့်တည်ဆောက်နိုင်မည့် အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်ဝန်ကြီးများသည် ကြီးအုံကြီးဝ ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ပင်မတမံတည်ဆောက်ပြီးစီးမှု၊ ရေအားလျှပ်စစ် စက်ရုံတည်ဆောက်နေမှု၊ ဖိအားမြင့် သံမဏိပိုက်လုံးများ တည်ဆောက်နေမှု၊ ရေအားစက်ရုံတည်ဆောက်မည့်နေရာ အောက်ဘက်ပိုင်းတွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတို့ကိုကြည့်ရှုစစ်ဆေးကြသည်။

ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းကို မကွေးတိုင်း ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တမံအလျားပေ၃၂၈၀၊ အမြင့် ၁၆၄ပေရှိသည့် မြေသားတမံ (ဇုန်အမျိုးအစား)နှင့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နေခြင်းဖြစ်သည်။

ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းသည် မုန်းချောင်းရေလှောင်တမံမှ ထုတ်လွှတ်သော ရေများနှင့် တမံနှစ်ခုအကြား စီးဝင်ရေများကို စုပေါင်းသိုလှောင်ပြီး ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ်ကို ထပ်မံထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်သည့်အပြင် မဲဇလီရေလွှဲဆည်မှ တစ်ဆင့် လယ်မြေဧက တစ်သိန်းခန့်ကို မိုးစပါးအတွက် ရေအလုံအလောက် ပေးဝေနိုင်ပြီး နွေစပါး ၇၄၈၀၇ ဧကခန့်ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် ဝန်ကြီးများသည် ကြီးအုံကြီးဝစီမံကိန်း၏အောက်ဘက် မဲဇလီရေလွှဲဆည်မှ ရေပေးဝေပြီး နွေစပါးစိုက်ပျိုးထားရှိမှုကို ရဟတ်ယာဉ်ဖြင့် စစ်ဆေး၍ နေပြည်တော်သို့ ညနေ ၅ နာရီခွဲတွင် ပြန်လည်ရောက်ရှိကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

★ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဦးထိန်မောင်တို့အဖွဲ့တွေ အောင်မြင်နေတယ်ဆိုတာ တကယ့်ကို ငြိမ်းချမ်းရေးရယူလိုတဲ့သဘောထား၊ တပ်မတော်နဲ့လက်တွဲပြီး မိမိဒေသ၊ မိမိပြည်သူ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မယ်ဆိုတဲ့ရပ်တည်ခံယူချက် ဖြူစင်ဖြောင့်မတ်မှန်ကန်လို့သာ ဖြစ်ပါတယ်။ ဒါကိုမြင်အောင် ကြည့်တတ်ဖို့လိုပါလိမ့်မယ်။

အခုတလော ပြည်ပမီဒီယာအချို့ရဲ့ အသံလွှင့်ချက်တွေမှာ ထိုင်းနိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးမှုနဲ့ KNU ဟာ တပ်မတော်နဲ့ တွေ့ဆုံဆွေးနွေးလိုတယ်လို့ လက်ခံတုံ့ပြန်တဲ့အကြောင်း ကြားလိုက်မိပါတယ်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးနဲ့ KNU ဒုတိယဥက္ကဋ္ဌ စောဒေးဗစ်တာကပေါတို့ ဗန်ကောက်မှာ တွေ့ခဲ့ကြဟန်တူပါတယ်။ အဲဒီမှာ KNU က တပ်မတော်နဲ့တွေ့မယ်၊ စကားပြော ဆွေးနွေးမယ်၊ အဲဒီဆွေးနွေးတဲ့အပေါ်မှာ အပစ်အခတ်ရပ်စဲရေးတို့၊ ဘာတို့ ဆက်ပြီးလုပ်သွားမယ်ဆိုတဲ့သဘော ပြောဆိုကြတာကို ကြားလိုက်မိပါတယ်။ အမှန်တော့ ဒါဟာဖြစ်သင့်တာကြာပါပြီ။ ကရင်ပြည်နယ်ကြီး တစ်ခုလုံး ငြိမ်းချမ်းဖို့၊ ကရင်ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် KNU ရဲ့ ငြိမ်းချမ်းရေးအပေါ် ထားရှိတဲ့ သဘောထားဟာ အခရာပါပဲ။ ဘာပဲပြောပြော KNU ဗဟိုဘက်က ဒီသတင်းထွက်လာတဲ့အတွက် ဒေသခံကရင်တိုင်းရင်းသားတွေအနေနဲ့ မျှော်လင့်ချက်ရောင်ခြည်တွေသန်းပြီး ဘယ်လောက်များ ဝမ်းသာအားတက် ဖြစ်နေမလဲဆိုတာ တွေးကြည့်ရုံနဲ့တင် ကြည်နူးရပါတယ်။

သို့သော် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု အောင်မြင်ဖို့ဆိုရာမှာ ကျွန်တော် ခုနကပြောသလိုပဲ ဖြူစင်ဖြောင့်မှန်တဲ့ သဘောထား၊ လေးနက်မှန်ကန်တဲ့ ရပ်တည်ခံယူချက် မရှိမဖြစ် လိုအပ်ပါတယ်။ တစ်ဖက်က တပ်မတော်အစိုးရရဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအပေါ်ထားရှိတဲ့ မျှော်လင့်ချက်နဲ့ သဘောထားကိုလည်း တကယ်သက်ဝင် ယုံကြည်လက်ခံပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် အရင်အစဉ်အဆက် နားယောင်သက်ဝင်ခဲ့တဲ့ ပြည်ပသွေးထိုးမှုတွေကိုလည်း နယ်စပ်မှာ ဖယ်ချချန်ထားရစ်ခဲ့ဖို့ အရေးကြီးပါတယ်။ ပြည်ပသွေးထိုးတာ မှန်သမျှကို နားယောင်နေရင်တော့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဟာ ဘယ်လိုမှ အောင်မြင်နိုင်စရာ မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် တပ်မတော်အစိုးရအပေါ် ယုံကြည်သက်ဝင်မှုနဲ့ စိတ်နှလုံး တုံးတုံးချပြီး ငြိမ်းချမ်းရေးရင်ခွင်ထဲကို လှမ်းဝင်ခဲ့မယ်ဆိုရင်တော့ ရှေးရှေးက ငြိမ်းချမ်းရေး တည်ဆောက်ထားနိုင်ပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့များနည်းတူ တည်ငြိမ်အေးချမ်းတဲ့ဘဝ၊ ဖွံ့ဖြိုးတိုးတက်တဲ့ အခြေအနေ၊ မြင့်မားတဲ့ လူမှုစီးပွားအဆင့်အတန်းတွေကို မလွဲမသွေ ပိုင်ဆိုင်လာရမှာ မုချဧကန်ပါပဲ။

ဒါကြောင့် ကရင်လူထုအားလုံးကလည်း KNU ရဲ့ ငြိမ်းချမ်းရေးခြေလှမ်းတွေအပေါ်မှာ အပြည့်အဝ ထောက်ခံအားပေးနေကြမှာပါ။ အလားတူ တစ်နိုင်ငံလုံးက ပြည်သူအားလုံးကလည်း မျှော်လင့်စောင့်စားကြိုဆိုနေကြမှာပါ။ အမှားဆိုတာ မပြင်သေးခင်အထိတော့ အမှားဘဝနဲ့ပဲ သက်ဆိုးရှည်နေရမှာ ဖြစ်ပေမယ့် ပြင်လိုက်မယ်ဆိုရင် ပြင်တဲ့အချိန်ကစပြီး အမှန်ကိုရောက်သွားပါပြီ။ အမှန်နဲ့အမှားဟာ တကယ်တမ်းကျတော့ အင်မတန်ပါးလွှာတဲ့ အလွှာလေးတစ်ခုပဲ ခြားပါတယ်။ အဲဒီအလွှာကလေးကတော့ သဘောထားနဲ့ ခံယူရပ်တည်ချက်ပဲ ဖြစ်ပါလိမ့်မယ်။ သဘောထားမှား၊ ခံယူရပ်တည်ချက် မှားနေသရွေ့ လုပ်ရပ်ကလည်း မှားနေမှာဖြစ်ပေမယ့် သဘောထားလည်း မှန်ပြီ၊ ခံယူရပ်တည်ချက်လည်း မှန်ပြီဆိုရင်တော့ လုပ်ရပ်တွေအားလုံးလည်း အမှန်တရားနယ်မြေထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာမှာ မလွဲပါဘူး။

ခြုံပြီးပြောရရင် ကျွန်တော်တို့ မြန်မာပြည်သူအားလုံးက ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ကို လှိုက်လှဲဝမ်းသာ ကြိုဆိုပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှု အောက်မှာ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနဲ့ ပူးပေါင်းလက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ။ ဒါ့အပြင် သူတို့ မျှော်မှန်းတဲ့အတိုင်း ကရင်ပြည်နယ် ဒေသတစ်ခုလုံး အေးချမ်းတည်ငြိမ်စေရေးနဲ့ လက်နက်ကိုင် တိုက်ခိုက်မှုများအားလုံး ချုပ်ငြိမ်းသွားစေရေးအတွက် ကြိုးပမ်းအောင်မြင်နိုင်ကြပါစေလို့လည်း ဆန္ဒပြုလိုက်ပါတယ်။ အလားတူ ကရင်ပြည်နယ်တစ်ခုလုံး အေးချမ်းတည်ငြိမ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများကို အမြန်ဆုံး ဆောင်ကြဉ်းဖော်ဆောင်ပေးနိုင်ရေး အတွက် လက်ကျန် KNU အဖွဲ့များလည်း အမြန်ဆုံး ငြိမ်းချမ်းရေးရယူဝင်ရောက်လာနိုင်စေဖို့ ပြည်သူအပေါင်းက လိုလားမျှော်လင့်လျက် ရှိပါကြောင်း သတင်းစကားပါးလိုက်ပါရစေ။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၀၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် -ပိုးကောင်ကလေးများရဲ့ အတွေး (အပိုင်း-၁၂)
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၂၆)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း တရားရှင်နှင့်ကျန်ကျောင်း (အပိုင်း-၁)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁၈ ရက်တွင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တောနေစမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းဆောင်ပြုပြင်ရန်လိုအပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းကွင်းတွဲကျေးရွာ အလယ်တန်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် စမ်းချောင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။ ဆက်လက်၍ ဇီးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ဘုရားငုတ်တို(မန်း)ရွာ၌ ကျေးရွာ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထို့နောက် ကင်းချောင်းရွာ (အလယ်စု)နှင့် ကြာနီတောင်ရွာတို့၌ ဆောက်လုပ်လျက်ရှိသည့် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အုန်းကုန်း(ထူး)ကျေးရွာ၊ စည်ကိုင်းကျေးရွာ၊ ကုန်းဇောင်းကျေးရွာ၊ သဘော့ကျေးရွာနှင့် သဖန်းပင်ကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံသည်။

ဝန်ကြီးသည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ဘဲပြာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံပြီး ကညွတ်ကွင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အုံးခုံကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းဆောင်ကိုလည်းကောင်း၊ ကျွဲဇင်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် တည်ဆောက်နေမှုကိုလည်းကောင်း၊ ကျွဲဇင်းအုပ်စုရှိ ကံကုန်းတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဘဲပြာအခြေခံပညာ မူလတန်းကျောင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများအား အမှာစကားပြောကြားစဉ်။

(သစ်တော)

❖ ဧရာဝတီမှ

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် အဓိကအားဖြင့် ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်းနှင့် တံတားကြီးတံတားငယ်ပေါင်း ၆၅စင်းခန့် တည်ဆောက်ပေးဦးမည်ဖြစ်သည်။ ကသာ-ဗန်းမော် ရထားလမ်းပိုင်းသည် စုစုပေါင်းခန့်မှန်းခရီးမိုင် ၉၇မိုင်ရှိမည်ဖြစ်သည်။

ဤမျှ ထုထည်ပမာဏ၊ ငွေကုန်ကြေးကျပမာဏ ကြီးမားစွာဖြင့် နိုင်ငံတော်က စီမံဆောက်ရွက်ပေးနေခြင်းသည် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် စေတနာရှေ့ထား၍ အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ရထားလမ်းဖောက်လုပ်ပြီးစီးလျှင် ကသာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၊ ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာမှ ဒေသခံများအပါအဝင် တိုင်းရင်းသားပြည်သူများအတွက် များစွာ အကျိုးစီးပွားဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၉ (ကြာသပတေးနေ့)

(၁၃၇၁ခုနှစ်၊ ဦးတန်ခူးလကွယ်နေ့၊ ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အကပဒေသာ
- ၈း၀၅ ၆။ **"နင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီဘွား၊ ခင်စိုးပိုင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄း၃၀ ၄။ **"ရှင်သန်ခြင်း" (မင်းဟိဏ်း၊ဆုပန်ထွာ) (ဒါရိုက်တာ-အောင်မိုး- ပဲရစ်)**
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၂၀ ၈။ မြန်မာ့မီးရထားလမ်းတိုးပွား တိုင်းပြည်အကျိုးများ
- ၅း၃၀ ၉။ မူပြောင်သွယ်သွယ်ဆိုကြမယ်
- ၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ **ပျော်ရွှင်သောနေ့ရက်များ "ချစ်လူမိုက်" (စိုးရန်အောင်၊ခင်မဥ္ဇူခိုင်) (ဒါရိုက်တာ- အောင်ကျော်သူရ)**
- ၆း၅၅ ၁၄။ ထူးဆန်းထွေလာများကို သပွဲဖြင့်ချဉ်းကပ်ခြင်း
- ၇း၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာရင်ခွင်" (အပိုင်း-၃)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၁၆)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း-၁၆)**
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀ မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၂။ အစီအစဉ်ပြီး၏။

မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ မဟာသကြၤန်ပွဲတော်ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲများသို့တက်ရောက်

နေပြည်တော် ဧပြီ ၂၂

မကွေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ည ၇ နာရီတွင် မဟာသကြၤန်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက နှစ်သစ်နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ရက် ည ၇ နာရီတွင် အဆိုပါမဏ္ဍပ်၌ ကျင်းပရာ တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆုရရှိကြသည့်အဖွဲ့များအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ ၁၇ရက် နံနက်၇နာရီတွင် ဧရာဝတီမြစ်ကမ်းဘေး ညောင်ပင်ဆိပ်၌ ကျင်းပရာ တိုင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မြစ်အတွင်း ငါးများကို စိုက်ထည့်ပေးကြသည်။

ထို့နောက် သက်ကြီးဘိုးဘွားပူဇော်ပွဲ အခမ်းအနားကို ဖန်ခါးမြေ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဘိုးအဘွားများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ နံနက်စာဖြင့် ကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုရီးယားပန်းမန်ပြပွဲတွင် ပါဝင်ပြသရန် ထွက်ခွာ

ရန်ကုန် ဧပြီ ၂၂

ကိုရီးယားသမ္မတနိုင်ငံ ဂိုရန်မြို့တော်ဝန်၏ ဖိတ်ကြားချက်အရ ဂိုရန်မြို့တော်၌ ဧပြီ ၂၃ ရက်မှ မေ ၁၀ရက်အထိကျင်းပမည့် International Horticulture Goyang Korea 2009 ပြပွဲတွင် ပါဝင်ပြသရန် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အတွင်းရေးမှူး ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အပေါ်ပုံ)**

ယင်းကိုယ်စားလှယ်အဖွဲ့တွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဦးစိုးဟန်၊ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကျော်ညွန့်နှင့်ဦးဝင်းအောင်တို့လိုက်ပါသွားကြပြီး ပြပွဲတွင် (၁၀ပေX၁၅ပေ)အကျယ် ပြခန်းတစ်ခုကို မြန်မာ့သစ်ခွနှင့် ပန်းမန်များဖြင့် ခင်းကျင်း ပြသကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြရာထူး လူတွေ့နှုတ်ဖြေ စာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

ရန်ကုန် ဧပြီ ၂၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ လစ်လပ်လျက်ရှိသော နည်းပြ၊ သရုပ်ပြ(လစာနှုန်း ကျပ် ၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ရာထူးတွင် ခန့်ထားရန်အတွက် ဖေဖော်ဝါရီလအတွင်း ရေးဖြေစာမေးပွဲဖြေဆိုခဲ့သူများ၏ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးမြို့နှင့် ဦးစီးဌာနများ အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ထုတ်ပြန်ကြေညာထားသည်။

သို့ဖြစ်၍ လူတွေ့နှုတ်ဖြေစာမေးပွဲစစ်ဆေးခြင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၌ မေ ၂ ရက် (စနေနေ့)နှင့် ၃ ရက် (တနင်္ဂနွေနေ့)တို့တွင် ကျင်းပမည်ဖြစ်ရာ လူတွေ့စစ်ဆေးခံရမည့်သူများသည် ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရုံးချိန်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့သို့ မပျက်မကွက် သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျာပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး၏အာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ/နိုင်ငံ
၁။	Vagilan Tablet (Metronidazole 200mg)	Union Drug Labs Ltd,Thailand.
၂။	Sultrim Tablet (Sulphamethoxazole 400mg, Trimethoprim 80mg)	New Life Pharma Co.,Ltd. Thailand.
၃။	Amico Tablet (Aluminium Hydroxide 120mg, Magnesium Trisilicate 250mg)	T.O Med Co.,Ltd. Thailand.
၄။	Memorin Tablet (Cinnarizine 25 mg)	Bangkok Lab & Cosmetic Co.,Ltd. Thailand.
၅။	Neorox Tablet (Piroxicam 20mg)	New Life Pharma Co.,Ltd. Thailand.

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အာဆီယံလူငယ်ခေါင်းဆောင် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

အာဆီယံလူငယ် ခေါင်းဆောင်အစည်းအဝေး (ASEAN Youth Leader Conference) ကို ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေး၏ရည်ရွယ်ချက်မှာ ကမ္ဘာ့စီးပွားရေးအခြေအနေများကို ဆွေးနွေးရန်၊ အတွေ့အကြုံဖလှယ်ရန်နှင့် လူမှုနေထိုင်မှုဘဝနှင့် အနာဂတ်အခြေအနေအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိမည်ကို သုံးသပ်ကြရန်ဖြစ်သည်။

အစည်းအဝေးပိတ်ပွဲနေ့တွင် ယဉ်ကျေးမှုပွဲတော် ကျင်းပမည်ဖြစ်ပြီး ဂီတ၊ အက စသည့် နိုင်ငံအလိုက် ယဉ်ကျေးမှုအစီအစဉ်တစ်ရပ်ကို ဖော်ထုတ်ကြမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် (၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂ နှင့် ၅၀၇၀၄၆ တို့သို့ ဧပြီ ၂၉ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ တည်ဆောက်မှုလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံတည်ဆောက်မှု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ယမန်နေ့တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံတည်ဆောက်မှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး Machine Shop No(1), No(2), Heat Treatment Shop နှင့် Assembly Shop တို့ တည်ဆောက်ပြီးစီးမှုနှင့် စက်များတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မြေထိုးမြေတူးယန္တရားထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ စနစ်တကျအသုံးပြုရေး၊ ထုတ်လုပ်သည့် ယန္တရားများ Workmanship ကောင်းမွန်ရေးနှင့် Localization ကို တီထွင်ကြံဆကြိုးပမ်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက် အဘိုးအဘွားများအား ပူဇော်ကန်တော့၊ ဇီဝိတဒါန ငါးလွှတ်

နေပြည်တော် ဧပြီ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်သည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေနေကြာ ရေကစားမဏ္ဍပ်နှင့် စက်မှုဇုန်ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်းကောင်း၊ တောင်ကြီး ရေကစားမဏ္ဍပ်၌ တေးသံရှင်များ၏ သီဆိုဖျော်ဖြေ တင်ဆက်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် ဗဟိုမဏ္ဍပ်၌ ၁၃၇၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆုရရှိကြသည့် ယိမ်းအဖွဲ့များနှင့် အလှပြယာဉ်များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက် ကပြမှုများကို တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းပေးပြီး သင်္ကြန်ယိမ်းအကအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ၁၇ ရက် နံနက်စနာရီတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်စခန်းဓမ္မာရုံ၌ကျင်းပရာ တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများ၊ မိသားစုများက အဘိုး၊ အဘွားများအား အဝတ်အထည်၊ ဝတ္ထုငွေများဖြင့် ပူဇော်ကန်တော့ကြပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းသည်။

ဘေးမဲ့လွှတ်

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် မြို့တော်ခန်းမ၌ကျင်းပသော ဒွါဒသမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်၍ အဘိုး၊ အဘွားများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး မြကန်သာအပန်းဖြေဥယျာဉ်အတွင်း ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်ကြကာ ရွှေဝါငါးကြင်းများအား ဘေးမဲ့လွှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့နေ့အတွက် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၂

ကမ္ဘာ့နေ့အတွက် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel, Grand Ball Room ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီလုပ်ငန်းအဖွဲ့(၂)တာဝန်ခံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မင်္ဂလာမြန်မာအဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဖုန်းဝင်းက မိတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မင်္ဂလာမြန်မာ၏ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒါရိုက်တာဒေါ်ယုဇာမော်ထွန်းက Disaster Rick Reduction, Environment and Climate Change စာတမ်းကိုလည်းကောင်း၊ ပါမောက္ခဒေါက်တာဆွေသွင်က Coastal Ecosystems & Global Climate Change စာတမ်းကိုလည်းကောင်း၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က Economics of Environment စာတမ်းကိုလည်းကောင်း၊ ဦးဝင်းနိုင်က Media Role in Disaster Rick Reduction & Environment စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုအကြိမ်(၆၀)မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက် သက်ကြီးဝါကြီး ပူဇော်ရေးအဖွဲ့က အကြိမ် (၆၀) မြောက် အသက်(၇၀)နှင့်အထက် အဘိုးအဘွား၄၉၃ဦးတို့အားပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နံနက် ၈ နာရီခွဲက ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးကြည်ဝင်းက လှူဒါန်းမှုအစုစုကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက အဘိုးအဘွားများအား စုပေါင်းကန်တော့ကြသည်။

ဆက်လက်၍ အဘိုးအဘွားများ၏ ကိုယ်စား အဘိုးဦးသန်းမောင်**(အပေါ်ပုံ)**က ဆုပေးစကားပြောကြားပြီး အဘိုးဦးတင့်လွင်က ပူဇော်ရခြင်းအကျိုးကို ပြောကြားကာ တက်ရောက်လာကြသူများက ကန်တော့ခံပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။

(၃၄၆)

လူငယ်၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်၍ ထိုင်းနိုင်ငံရှိ အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ရှေးဟောင်းသုတေသနနှင့် အနုပညာဆိုင်ရာဗဟိုဌာန (Southeast Asian Ministers of Education Organization, Regional Centre for Archaeology and Find Arts, SEMEO SPAFA)နှင့် အာဆီယံဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Youth, Culture and Development) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ ဟိုတယ်မန္တလေး၌ ကျင်းပသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့၊ ရှေးဟောင်းသုတေသနနှင့် အနုပညာဆိုင်ရာ ဗဟိုဌာနမှ ဒါရိုက်တာ Dr. Pisit Charoenwongsa က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လူငယ်၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အလှည့်ကျ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ မန္တလေးမြို့၌ ဧပြီ၂၆ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ လူငယ်ကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ လူငယ်ကိုယ်စားလှယ်များ စုစုပေါင်း၃၉ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုး လူငယ်၊ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ရေတင်အဆင့် ရှစ်ဆင့်မှာ ခုနစ်ဆင့်က စီမံကိန်းဧရိယာထဲမှာ ပါဝင်ပြီး တစ်ဆင့်က ကင်းတားရေလှောင်ဆည် အတွင်းမှာ တည်ဆောက်ရပါတယ်။

ဦးသန့်ဇော်
(ဒုတိယညွှန်ကြားရေးမှူး)
စီမံကိန်းတာဝန်ခံ
မိတ္ထီလာလွင်ပြင်ရေရရှိရေး
လျှပ်စစ်ရေတင်စီမံကိန်း။

❀ မိတ္ထီလာမှ

မပါဝင်သော လယ်မြေများကို စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဧက ၃၀၀၀၀ ရေပေးဝေ

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း တည်ရှိပြီး ကင်းတားရေလှောင်ဆည်မှ ရေအရင်းအမြစ်ကိုအသုံးပြု၍ စိုက်ပျိုးမြေဧက ၃၀၀၀၀ကို ရေပေးဝေမည့် စီမံကိန်းဖြစ်ရာ ဝမ်းတွင်းမြို့နယ်အတွင်းမှ ဧက ၈၀၀၀နှင့် သာစည်မြို့နယ်အတွင်းမှ ဧက ၂၂၀၀၀ တို့ပါဝင်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးအမှတ် (၂/၂၀၀၄)၏ ခွင့်ပြုချက်အရ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဒေသတွင်း မိုးရွာသွန်းမှုအခြေအနေ၊ ချောင်းရိုးများအတွင်း ရေစီးဆင်းမှုအခြေအနေ၊ လက်ရှိသီးနှံစိုက်ပျိုးနေမှု အခြေအနေတို့ကို စူးစမ်းလေ့လာ၍ ဒီဇိုင်းပုံစံရေးဆွဲပြီး တည်ဆောက် အကောင်အထည်ဖော်ခဲ့ရာ ယခုအခါစီမံကိန်း၏ ၄၂ဒသမ၈၅ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စီမံကိန်းပြီးစီးရန် ရည်မှန်းချက်ချမှတ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာလွင်ပြင် ရေရှိရေး လျှပ်စစ်ရေတင်စီမံကိန်းသည် မြို့ကြီးရေလှောင်တမံတည်ဆောက်ပြီးစီးပါက ပြောင်းပြာနှင့် ငလိုင်းဇင်ရေသောက်စနစ်များသို့ မြို့ကြီးဆည်မှ ရေပေးဝေနိုင်ရေးနှင့် ကင်းတားရေလှောင်ဆည်တွင် ပိုမိုလာမည့် ရေများကို ရေတင်စက်ရုံတည်ဆောက်၍ ရေစုပ်တင်ကာ မိတ္ထီလာလွင်ပြင်ဒေသကို စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ရေပေးဝေနိုင်ရေး

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ တည်ဆောက်ဆဲကာလမှာပင် စိုက်ပျိုးမြေများသို့ ရေပေးဝေနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ကျေးရွာအုပ်စုတို့ပါဝင်

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ အကျိုးပြုဧရိယာအတွင်း၌ ဝမ်းတွင်းမြို့နယ်မှ မြေတိုင်ကန်၊ ညောင်ပင်သာ၊ ခင်ကြီး၊ ဘုရားစု၊ ဒိုင်ကောင်းကုန်းနှင့် သဘွတ်ကုန်းကျေးရွာအုပ်စု၊ သာစည်မြို့နယ်မှ ဘူးရုံ၊ သပြေဝ၊ ဝက်တိုး၊ ဝမ်းသာ၊ ဟံဇား၊ ညောင်ပင်သာ၊ သဲပုံ၊ ကျောက်ပနား၊ ဘွဲ့ခြား၊ သာဂရ၊ ငှက်ကြီးသိုက်၊ ယင်းမာရိုး၊ ကန်ရှည်၊ ရွာပုလဲ၊ ရွာကြီးနှင့် ကြာဘတ်ကုန်း ကျေးရွာအုပ်စုတို့ပါဝင်ကြသည်။

ဆည်မြောင်းရေကိုအသုံးပြု

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ စီမံကိန်းတာဝန်ခံ ဦးသန့်ဇော် (ဒုတိယညွှန်ကြားရေးမှူး) အား စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို မေးမြန်းရာတွင် "ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်တည်ဆောက်ရတဲ့ လုပ်ငန်းတွေဟာ အများအားဖြင့် မြစ်ကရေတင်တဲ့ မြစ်ရေတင်လုပ်ငန်းတွေဖြစ်ပါတယ်။ မိတ္ထီလာလွင်ပြင် ရေရရှိရေးစီမံကိန်းကတော့ မြစ်ကရေကိုတင်ရတာ မဟုတ်ပါဘူး။ မိတ္ထီလာလွင်ပြင်ထဲမှာပါဝင်တဲ့ ဧက ၃၀၀၀၀ကို ရေပေးနိုင်ဖို့က စမုံမြစ်နဲ့ ဧရာဝတီမြစ်တွေကို အားကိုးလို့မရတဲ့အတွက် ဆည်မြောင်းရေကိုအသုံးပြုပြီး တည်ဆောက်ရတဲ့စီမံကိန်းဖြစ်ပါတယ်။

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ တည်ဆောက်ဆဲကာလအတွင်း ရေပေးဝေနိုင်ရေးအတွက် တည်ဆောက်ထားသည့် ယာယီရေတင်စက်ရုံနှင့် ရေငြိမ်ကန်ကို ဤသို့တွေ့ရသည်။

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း မိုးစပါးဧက ၁၀၀၀ အတွက် ရေပေးဝေနိုင်ခဲ့ရာ ယခင်က ခြောက်သွေ့၍ စိုက်ပျိုးနိုင်ခြင်းမရှိသော လယ်မြေများတွင် မိုးစပါးစိုက်ပျိုးမှုကို ဤသို့တွေ့ရသည်။

အတွေ့အကြုံတွေကို ပေါင်းစပ်

ရေတင်အဆင့် ရှစ်ဆင့်မှာ ခုနစ်ဆင့်က စီမံကိန်းဧရိယာထဲမှာ ပါဝင်ပြီး တစ်ဆင့်က ကင်းတား ရေလှောင်ဆည်အတွင်းမှာ တည်ဆောက်ရပါတယ်။ ကင်းတားရေလှောင်ဆည်နဲ့ မိုင် ၄၀လောက် ကွာဝေးတာကြောင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှုပိုများပြီး ရေဆုံးရှုံးမှုလည်း ပိုများပါတယ်။ တည်ဆောက်ရေးလုပ်တဲ့နေရာမှာ အဓိကအခက်အခဲကတော့ မြေကြီးအမျိုးအစား (Soil Type) ညံ့တာပါပဲ။ မြောင်းတစ်မြောင်း ရေရှည်ခံဖို့အတွက် မြေသားဖိသိပ်ရတဲ့လုပ်ငန်းတွေ ပိုလာပါတယ်။ တူးပြီးသားမြေကို ဖို့ပြီးထားရုံနဲ့ မရပါဘူး။ ဖိကြိတ်နိုင်မှသာ မြောင်းခိုင်ခံ့မှုရှိပါတယ်။ ရေအရင်းအမြစ် နည်းပါးတဲ့ဒေသမှာ ဧက ၃၀၀၀၀ကို စိမ်းလန်းစိုပြည်စေရန်အတွက် အလားတူစီမံကိန်းတွေက အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟုပြောကြားသည်။

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ ရေတင်စက်ရုံနှင့် ပင်မတူးမြောင်း တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ တည်ဆောက်ဆဲကာလအတွင်း မိုးစပါးဧက ၁၀၀၀ကို ရေပေးဝေရန် တည်ဆောက်ထားသည့် ယာယီရေတင်စက်ရုံနှင့် သံပိုက်လုံးများ သွယ်တန်းထားရှိမှုကို ဤသို့တွေ့ရသည်။

တူးမြောင်းနှင့် အဆောက်အအုံပိုင်းကို တာဝန်ယူဆောင်ရွက်ရသူ ဝန်ထမ်းတစ်ဦးဖြစ်သော ဦးသူရဝင်း (ဦးစီးအရာရှိ)အား တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မေးမြန်းရာတွင် "အရင်က ဒီဒေသကရွာတွေမှာ စိုက်ပျိုးနိုင်ခြင်းမရှိလို့ ခြောက်သွေ့နေပေမယ့်။ တည်ဆောက်ဆဲကာလမှာကိုပဲ ရေပေးနိုင်လို့ ရေသောက်ဧရိယာအတွင်းက လယ်မြေတွေ စိမ်းလန်းလာပြီး တောင်သူတွေ အကျိုးခံစားကြရပါတယ်။ အရင်က ကင်းတားရေလှောင်ဆည်ရေသောက်ဧရိယာအတွင်း ပါဝင်တဲ့မြေတွေသာ စိမ်းလန်းစိုပြည်ခဲ့ရာက အခုဆိုရင် ဝမ်းတွင်းမြို့နယ်ထဲက ခြောက်သွေ့နေတဲ့ လယ်မြေတွေပါ စိမ်းလန်းစိုပြည်လာပါပြီ။ စီမံကိန်းတစ်ခုလုံး ပြီးစီးသွားရင် မိတ္ထီလာလွင်ပြင်တစ်ခုလုံး စိမ်းလန်းစိုပြည်လာတော့မှာပါ"ဟု ပြောကြားသည်။

ဒီဒေသမှာ စီမံကိန်းအကောင်အထည်ဖော်ရတာ တောင်သူတွေကလည်း စိုက်ချင် ပျိုးချင်တဲ့ ဆန္ဒရှိလို့ လုပ်ရတာအဆင်ပြေပါတယ်။

ဦးသူရဝင်း
(ဦးစီးအရာရှိ)
တူးမြောင်းနှင့်
အဆောက်အအုံတာဝန်ခံ
မိတ္ထီလာလွင်ပြင်ရေရရှိရေး
လျှပ်စစ်ရေတင်စီမံကိန်း။

အကျိုးစီးပွား ဖြစ်ထွန်း

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းပြီးစီးပါက မိတ္ထီလာလွင်ပြင် စီမံကိန်းဒေသတွင် စပါးဧက ၁၅၀၀၀၊ ဝါဧက ၅၀၀၀၊ ဆီထွက်ဧက ၅၀၀၀ နှင့်အခြားဧက ၅၀၀၀ စုစုပေါင်း သီးနှံစိုက်ဧက ၃၀၀၀၀တိုးချဲ့ သီးထပ်စိုက်ပျိုးလာနိုင်တော့မည် ဖြစ်ရာ နိုင်ငံတော်အတွက်သာမက ဒေသခံပြည်သူများအတွက်ပါ အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Info Myanmar Computer Service & Training Centre ၏ ပံ့ပိုးကူညီမှုဖြင့် ဧပြီ ၂၅ ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆရာဦးအေးကျော် (MHR)က "စီမံခန့်ခွဲမှုပညာ ဖွံ့ဖြိုးတိုးတက်စေသော အစီအစဉ်များ" (Management Develoment Programmes) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက်သတင်းများ

ကိုယ်ခန္ဓာရှာဖွေရေး ကိရိယာသစ်အသုံးပြုမှု အမေရိကန် လေယာဉ်စီးခရီးသည်များ ဝေဖန်

ဝါရှင်တန် ဧပြီ ၂၂

အမေရိကန်နိုင်ငံ လေဆိပ်အချို့တွင် နောက်ဆုံးပေါ်နည်း အသုံးပြုရှာဖွေရေးစက်ကိရိယာများ စတင်အသုံးပြုခြင်းနှင့် ပတ်သက်၍ ခရီးသည်များအတွင်း ဝေဖန်မှုများပေါ်ထွက်လျက် ရှိကြောင်း၊ လူ့ကိုယ်ခန္ဓာရှာဖွေရေး ကိရိယာသစ်သည် အတွင်းခံအဝတ် အစားကိုပင် ဖောက်ထွင်းမြင်နိုင်ခြင်းကြောင့် ဟီရိဩတ္တပ္ပတရား ကင်းမဲ့ရာ ရောက်သည်ဟု ခရီးသည်များက ဝေဖန်ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လူ့ကိုယ်ခန္ဓာ ရှာဖွေရေးကိရိယာ (Body Scanner)ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် L3 Communication ကုမ္ပဏီကတီထွင်ပေးခဲ့သည်။

အမေရိကန်နိုင်ငံ လာ့စ်ဗီးဂတ်စ်လေဆိပ်တွင် လူ့ကိုယ်ခန္ဓာရှာဖွေရေး ကိရိယာသစ်ဖြင့် လုံခြုံရေး စစ်ဆေးစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံ လေဆိပ်များအနက် နောက်ဆုံးပေါ် လူ့ကိုယ်ခန္ဓာရှာဖွေရေး ကိရိယာတပ်ဆင်ထားသော လေဆိပ်များမှာ ဆော့လိတ်စီးတီးလေဆိပ်၊ လာ့စ်ဗီးဂတ်စ်လေဆိပ်၊ မိုင်ယာမီလေဆိပ်၊ ဆန်ဖရန်စစ္စကိုလေဆိပ်၊ တူလဆာလေဆိပ်၊ အိုကလာအင်အယ်လ်ဘူကွာ လေဆိပ်တို့ဖြစ်ကြသည်။

လူ့ကိုယ်ခန္ဓာရှာဖွေရေးစက်ကိရိယာကို ရှေ့ပြေးစီမံကိန်းတစ်ရပ်အဖြစ် အသုံးပြုခြင်းဖြစ်သည်။

လေယာဉ်စီး ခရီးသည်များသည် လေယာဉ်ပေါ်သို့မတက်မီ သတ္တုဖြင့်ပြုလုပ်သောပစ္စည်းများ၊ ဂျက်ကက်အင်္ကျီများနှင့် ရှူးဖိနပ်များကို ခန္ဓာကိုယ်ပေါ်မှ ဖယ်ရှားပေးကြရသည်။

ယင်းနောက်တွင် လူ့ကိုယ်ခန္ဓာရှာဖွေရေး စက်ကိရိယာရှေ့တွင် သုံးစက္ကန့်ကြာမျှ လက်မြှောက်ပေးထားရသည်။

လူ့ကိုယ်ခန္ဓာရှာဖွေရေး စက်ကိရိယာသည် လူ့ကိုယ်ခန္ဓာမှ ပေါ်ထွက်လာသော အပူစွမ်းအင်ကို အသုံးပြုကာ လျှပ်စစ်သံလိုက်ဆိုင်ရာ ပုံရိပ်များကို ရိုက်ကူးပေးနိုင်သည်။ လေဆိပ်လုံခြုံရေးဝန်ထမ်းများသည် ယင်းစက်ကိရိယာ၏ ဗီဒီယိုမှန်သားပြင်ပေါ်၌ ထင်ဟပ်လာသော ပုံရိပ်များကို ကြည့်ရှုကာ လုံခြုံရေး အရစိစစ်နိုင်သည်။

လူ့ကိုယ်ခန္ဓာရှာဖွေရေးစက်ကိရိယာ အသုံးပြုကာ ရိုက်ကူးသည့် ပုံရိပ်များကို မှတ်တမ်းအဖြစ် သိမ်းဆည်းခြင်း မရှိကြောင်း၊ လေကြောင်းခရီးစဉ်များ လုံခြုံရေးအတွက် ယင်းစက်ကိရိယာကို အသုံးပြုရခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးအုပ်ချုပ်မှု အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘာသာပြန် - စံစံ

ဆီလီနီယမ် သတ္တုဓာတ် ဆီးကျိတ်ကင်ဆာ တားဆီးပေးနိုင်

ဝါရှင်တန် ဧပြီ ၂၂

အသီးအနှံများ၊ အခွံမာသီးများနှင့် အသားများတွင်ပါရှိသော ဆီလီနီယမ် သတ္တုဓာတ် တစ်မျိုးသည် ဆီးကျိတ်ကင်ဆာ ဖြစ်ပွားခြင်းကို တားဆီးပေးနိုင်သည်ဟု အမေရိကန် ကင်ဆာသုတေသနအသင်းကြီး၏ လေ့လာမှုတစ်ရပ်တွင် ဖော်ပြထားကြောင်း အင်တာနက်သတင်းတွင် ပါရှိသည်။

ဒတ်ချ်မောက် ဆေးပညာသိပ္ပံမှ သုတေသီများက ဆီးကျိတ်ကင်ဆာဖြစ်သူ ၇၆၇ဦးနှင့် ရောဂါမဖြစ်သေးသူ ၁၁၀၈ ဦးတို့၏ ဆီလီနီယမ် သတ္တုဓာတ် ရရှိမှုအဆင့်ကို နှိုင်းယှဉ်လေ့လာခဲ့ကြရာ ဆီလီနီယမ်သတ္တုဓာတ်နှင့် ဆီးကျိတ်ကင်ဆာသည် ပြောင်းပြန်ဆက်စပ်နေကြောင်း၊ အမျိုးသမီးများနှင့် ဆေးလိပ်သောက်သူ အချို့တွင် ဆီးကျိတ်ကင်ဆာ ဖြစ်နိုင်သော ပီ ၅၃ (P 53) ဗီဇရှိကြောင်း ရှာဖွေတွေ့ရှိခဲ့ကြသည်။

၎င်းတို့သည် ဆီလီနီယမ် သတ္တုဓာတ် ရရှိမှုနှုန်း မြင့်မားသည်နှင့်အမျှ ဆီးကျိတ်ကင်ဆာ ဖြစ်နိုင်ချေ ထူးခြားစွာ လျော့နည်းနိုင်သည်။

ထိုလေ့လာမှုသည် ဆီလီနီယမ် သတ္တုဓာတ်နှင့် ဆီးကျိတ်ကင်ဆာ ပီ ၅၃ (P 53) ဗီဇ တို့ဆက်စပ်မှုရှိနေကြောင်း ပြသသည့် ပထမဆုံးသော လေ့လာမှုတစ်ခုဖြစ်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဘာသာပြန်-မင်းမင်းထွဏ်း

လူငယ်တံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၉ခုနှစ် သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲနှင့် အသက်(၅၀)နှင့်အထက် စီနီယာတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို မေ ၁ရက်မှ ၉ရက်အထိ မိုးလုံလေလုံအားကစားရုံ (အောင်ဆန်းအားကစားပြိုင်ကွင်း)၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် အသက် (၂၀)နှင့် အောက်ပြိုင်ပွဲ၊ အသက် (၁၈)နှစ်နှင့် အောက်ပြိုင်ပွဲ၊ အသက် (၁၆)နှစ်နှင့် အောက်ပြိုင်ပွဲ၊ အသက် (၁၄)နှစ်နှင့် အောက်ပြိုင်ပွဲ၊ အသက် (၁၂)နှစ်နှင့် အောက်ပြိုင်ပွဲ၊ အသက် (၁၀)နှစ်နှင့် အောက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဧပြီ ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

အထက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၂

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိတ်စိတ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ညောင်ဦးမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက္ခမီမြို့တွင် ၃ဒသမ ၉၀လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ဒသမ ၃၈လက်မ၊ ကော့ကရိတ်မြို့တွင် ၁ဒသမ ၁၄လက်မ၊ မိုးကုတ်မြို့နှင့် သထုံမြို့တွင် သုညဒသမ ၇၉လက်မစီ၊ ရေးမြို့တွင် သုညဒသမ ၆၃လက်မနှင့် လားရှိုးမြို့တွင် သုညဒသမ ၅၉လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၃ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော် နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	
၃၆ဒသမ ၅ဒီဂရီစင်တီဂရိတ်(၉၈ဒီဂရီဖာရင်ဟိုက်)	၂၁-၄-၂၀၀၉
အနိမ့်ဆုံးအပူချိန်	
၂၃ဒသမ ၅ဒီဂရီစင်တီဂရိတ်(၇၄ဒီဂရီဖာရင်ဟိုက်)	၂၂-၄-၂၀၀၉
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၆၅ရာခိုင်နှုန်း	၂၂-၄-၂၀၀၉
နေပူသည့်နာရီပေါင်း ၉ဒသမ ၅နာရီခန့်	၂၁-၄-၂၀၀၉

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြ သောနေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်း နှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့်ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင် သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင်အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

SHINE Construction Co., Ltd.

မြန်မာနှစ်သစ်အခါသမယတွင်

နေသီရိတာဝါ
အမှတ်(၅၇)၊ကျိုက်ဝိုင်းဘုရားလမ်း၊ရေမိုးကုန်းမြို့နယ်။

ရွှေဘုံသီရိတာဝါ
အမှတ်(၂၅/၂၇)၊၂၅လမ်း၊ဝန်းဘဲတန်းမြို့နယ်။

လူကြီးမင်းတို့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကောင်းဆုံးနှင့် အသေချာဆုံးအကျိုးအမြတ်ရရှိမည့်နေရာများ....

ဆက်သွယ်ရန် – အမှတ်(၂၉)၊ မြေညီထပ်၊ ဂျိုးဖြူလမ်း၊ ဂျိုးဖြူကွန်ဒို(အောင်ဆန်းကွင်းအထူးတန်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၀၁–၂၄၃၆၄၇၊ ၃၈၅၃၄၀၊ ၃၈၅၃၄၁၊ ၃၈၅၃၄၂၊ ၃၈၅၃၄၃၊ ၃၈၅၃၄၄ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၃ / ၂၀၀၉
၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်
(၂၀၀၉ ခုနှစ်၊ ဧပြီ လ ၈ ရက်)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည် -

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	ဦးစီးအရာရှိ	၁ နေရာ	- ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc) (သို့မဟုတ်) ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)
(ခ)	ဦးစီးအရာရှိ	၁ နေရာ	- ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ/လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ/ အသက်မွေးလုပ်ငန်းသုံးအင်္ဂလိပ်စာ) [B.A (English / EOP / EPP)]

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၄ - ၅ -၂၀၀၉ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ **လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၁၄-၅-၂၀၀၉ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၈ - ၁၀ - ၂၀၀၈ ရက်စွဲပါ စာအမှတ်၊ ၃၄၂ /ရွေးချယ်ရေး(အဖိက)/ ၂၀၀၈ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာ တင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့် အညီ လိုက်နာ ဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်** တွင် ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်း လျှောက်လွှာတစ်စောင်ကို မိမိ တာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၁၄ - ၅ -၂၀၀၉ နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို မိတ္တူအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၆ - ၆ -၂၀၀၉ နေ့နှင့် ၇ - ၆ -၂၀၀၉ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၄ - ၆ -၂၀၀၉ နေ့မှ စ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ ကြော်ငြာပါ ရာထူးများတွင် တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ **ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏သီးခြားစည်းကမ်းချက်များ ရှိပါသဖြင့်** " ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ် (၂၉) နေပြည်တော် (တယ်လီဖုန်းအမှတ် - ၀၆၇ - ၄၀၅၃၄၇) " သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb.imis.com.mm နှင့် www.csstb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

(၂၅)နှစ်မြောက်ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်မှူးမြအောင်(ငြိမ်း) [ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး၊ တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး] နှင့် မေမေ ဒေါ်မာမာသိမ်း (အထပြ၊ငြိမ်း)တို့၏ ၂၃-၄-၂၀၀၉ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာနေ့မှသည် ကာယ၊ စိတ္တ နှစ်ဖြာသော သုခပြည့်ဝစွာဖြင့် သက်ရှည်ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သား-ဗိုလ်သိမ်းသူရအောင် B.C.Sc,(D.S.A)
သမီးလေး-နှင်းဖြူစင်သိမ်းအောင်
Grade-11(G) T.T.C၊ ကမာရွတ်

ကျောက်စိမ်းရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးစိုးမြင့် ဒု-ဌာနမှူး(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ငြိမ်းငြိမ်းဝင်း[ဒု-ဌာနမှူး၊ ငြိမ်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)] တို့၏ ၂၃-၄-၂၀၀၉ရက်တွင် ကျရောက်သည့် (၃၅)နှစ်ပြည့် ကျောက်စိမ်းရတု မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သား၊ သမီး၊ ချစ်မြေးများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်သော မိသားစုဘဝခရီးလမ်းကို လျှောက်လှမ်း၍ သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး-ဦးရဲသူရစိုး(ကျွမ်း-၃၊ SCT-မြောက်ဒဂုံ)
အင်ဂျင်နီယာဌာန၊ လမ်းတံတား-ဒေါ်ခင်သီတာဦး
(စွန်ရဲ Game Centre)
ချစ်သမီးလတ်-ဦးဆန်းမင်း-ဒေါ်အေးသီတာစိုး(ခ)အိဖြူ
(စိတ်ကြိုက်စားသောက်ဆိုင်)
ချစ်သားငယ်-ဗိုလ်ကြီးဟိန်းလတ်အောင်(ခ)သီဟစိုး (မော်လိုက်)
ချစ်မြေးများ - ဟန်နီသူရ(ခ)ပြည့်ပြည့် (Grade-8)
- ကြယ်စင်သူရ(ခ)ကစ်ကစ် (Grade-3)
- ပြည့်ဖြိုးမောင်(ခ)ကိုဖြိုး

ဦးရောလှူရမည်



(ဂရန်အမည်ပေါက်ပြီး)
Ph : 09 51 22512, 09 86 41241, 09 50 12570, 09 50 11660

အပတ်စဉ် ကြာသပတေးနေ့တိုင်း



YANGON MEDIA GROUP ၏
ထူးခြားသော စီစဉ်တင်ဆက်မှုအသစ်

- မြင့်မြင့်ချင်းချစ်ကြတယ်ဆိုတာ အရမ်းအံ့ဩတယ် အဲဒါအချစ်မဟုတ်ဘူး အကြိုက်ပဲဖြစ်လိမ့်မယ် R ဇာနည်+ဝင်းတို့ရဲ့ Family Talk
- အလုပ်ထဲမှာ နေပျော်ဖို့အတွက် 8DAYS Worklife
- ၄၀ကျော်အမျိုးသမီးတစ်ယောက်ရဲ့ အလှအပလျှို့ဝှက်ချက်တွေ ဖော်ပြထားတဲ့ Beauty Advice
- အနုပညာဆိုတာ ဘာလဲဆိုတဲ့ အိုက်တာယောင်မျိုးမင်းရဲ့ Artist Own Letter
- အပေါချစ်ကောင်း သမီးအိမ်ချစ်တို့ရဲ့ ပထမဆုံးနဲ့ နောက်ဆုံးတွေကို ပြောထားတဲ့ First & Last
- နာမည်ကျော်အဆိုတော်များ၏ သင်္ကြန်ခံစားမှုပုံရိပ်များ
- Jaiho သီချင်းအော်စကာဆုရတယ်ကြားတော့ မျက်ရည်ကျအောင်ဝမ်းသာမိတယ် 'Pussycatdolls' ခေါင်းဆောင် နစ်ကိုးရှာဇင်ဂါနှင့်တွေ့ဆုံခြင်း

တစ်ခဲနက်အားပေးခဲ့ကြတဲ့
ပရိသတ်ကြီးကို
အထူးကျေးဇူးတင်ပါတယ်

EASTERN JADE INT'L CO.,LTD.
EJI-EMPLOYMENT AGENCY
အလုပ်သမားခေါ်ယူခြင်း

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ EASTERN JADE INT'L CO.,LTD.(L/C: 031/2009)မှ မလေးရှားနိုင်ငံအောက်ပါစက်ရုံများတွင် PRODUCTION OPERATOR ဖြင့် တာဝန်ထမ်းဆောင်ရန် အထွေထွေလုပ်သားများ အမြန်အလိုရှိပါသည်။

၁။(က)S.K.P PLASTIC COVER စက်ရုံ - (၁၂၀) ဦး
(ခ)SINCERELY DYEING စက်ရုံ - (၁၅) ဦး
၂။ တစ်နေ့အလုပ်ချိန် - (၈)နာရီ
၃။ အခြေခံလစာတစ်နေ့ - (၂၁)ရင်းဂစ်
၄။ အချိန်ပိုတစ်နေ့ - (၂)နာရီ သို့ (၃)နာရီ
၅။ တည်နေရာ - ဂျိုဟိုးပြည်နယ်၊ မလေးရှားနိုင်ငံ။

မှတ်ချက်။ ။ အလုပ်ရှင်မှ MAY လဆန်းတွင် Interview လာရောက်ပါမည်။ အလုပ်ရှင်ထံမှ ခိုင်လုံသည့်စာရွက်စာတမ်းများရုံးခန်းတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

အသေးစိတ်သိလိုပါက-**EASTERN JADE INT'L CO.,LTD.**
-အမှတ် (၁၅၂)ပထမထပ်၊ အနော်ရထာလမ်း(၃၅လမ်းနှင့်မဟာဗန္ဓုလပန်းခြံလမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၄၈၃၁၊ ၃၈၈၆၅၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရောင်းရန်ရှိသည်
FAW အင်ဂျင် (150Hp) (အထိုင်၊ ဂီယာဘောက်စ်၊ ရေတိုင်ကီပါ)အား စပါးခွဲစက်တင်ပွဲ ထုတ်စက်နှင့်တွဲရောင်းမည်။
ဖုန်း-၀၁-၅၉၀၁၃၃

အမည်ပြောင်းခြင်း
အဖဦးသိန်းထိုက်ဦး[၉/လဝန(နိုင်) ၀၀၈၂၈၈]၏သား မောင်ဇေထက်အောင်အား မောင်ဇေထက်လွင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။
မောင်ဇေထက်လွင်

ရောင်းမည်
CNG - TAXI
၄ခ/ဆီဒင်ဗင်(၈၀)
၅ဂျ/ဆီဒင်ဗင်(၆၅)
၈/ဆီဒင်ဆလွန်း(၅၅)
Ph : 379818

ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း မိုးစပါးဧက ၁၀၀၀ အတွက်ရေတင်၍ စိုက်ပျိုးရေ ပေးဝေနေပုံကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

မိတ္ထီလာလွင်ပြင်ဒေသကို စိမ်းလန်းစိုပြည်လာစေမည့် မိတ္ထီလာလွင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင် စီမံကိန်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ တင်ထွေး(သတင်းစဉ်)

ရွှေကိုမလို၊ ရေကိုသာလိုသည်ဆိုသော အညာဒေသမှ တောင်သူများ၏ ဆိုရိုးစကားသည် အပိုချဲ့ကား ပြောခြင်းမဟုတ်ကြောင်းကို အညာဒေသသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ဖူးကြသူများ သိကြပါလိမ့်မည်။ အမှန်တကယ်တော့လည်း အညာဒေသတွင် ရေရှိလျှင် ရွှေရှိရန် မခက်တော့ပြီ မဟုတ်ပါလား။

မန္တလေးတိုင်း မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်းပါရှိသော မိတ္ထီလာလွင်ပြင်ဒေသသည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၂၉လက်မသာ ရွာသွန်းသဖြင့် စိုက်ပျိုးရေအတွက် ဆည်၊ တမံများကိုသာ အားထားရသော ဒေသတစ်ခု ဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ကင်းတားဆည်နှင့် စမုံချောင်းတို့၏ ရေသောက်ဧရိယာအတွင်း ပါဝင်သော လယ်မြေများမှာ မိုးသီးနှံ သာမက နွေသီးနှံပါ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ၏ မိတ္ထီလာလွင်ပြင်ဒေသ ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနသည် ဆည်ရေသောက် ဧရိယာအတွင်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

ဧရာဝတီအနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်လာမည့် ကသာ-ဗန်းမော် ရထားလမ်းစီမံကိန်း

သတင်းမှတ်တမ်းနှင့်ဓာတ်ပုံ-မောင်မောင်ကျော်

နိုင်ငံတော်က ပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကားလမ်း၊ ရထားလမ်းများကို နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိရာ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းသစ်စီမံကိန်း၏ ကျော-ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်လိုဏ်ကို ဖွင့်လှစ်ပေးခဲ့ပြီးနောက် ကြံခင်း-ပခုက္ကူ ရထားလမ်း၊ ပျော်ဘွယ်- ဘုရားငါးဆူ ရထားလမ်း၊ စစ်တောင်း- မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းတို့ကို ဖောက်လုပ်ပေးခဲ့သည်။

ဆက်လက်၍ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း စစ်ကိုင်းတိုင်း ကသာမြို့မှ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ဆက်သွယ်မည့် ကသာ-ဗန်းမော် ရထားလမ်းကိုလည်း ဖောက်လုပ်ပေးလျက်ရှိသည်။ အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက ကသာမြို့နယ်၊ ရွှေကူမြို့နယ်၊ မန်စီမြို့နယ်၊ ဗန်းမော်မြို့နယ် စသည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသများနှင့် အရှေ့ဘက်ခြမ်းဒေသများရှိ ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး သွားလာဆက်သွယ်မှုများလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ကသာ-ဗန်းမော် ရထားလမ်း ဖောက်လုပ်ပေးခြင်းဖြင့် ဗန်းမော်-ကသာ-မန္တလေး-နေပြည်တော်- ထားဝယ်မြို့များအထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင် (ဝဲပုံ) **အဆိုပါရထားလမ်း ဖောက်လုပ်ပေးခြင်းအားဖြင့် ဗန်းမော်-ကသာ-မန္တလေး-နေပြည်တော်-ထားဝယ်သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်။** (အောက်ပုံ)

ထူးခြားသည့် နေ့အပူချိန်များ (၂၂-၄-၂၀၀၉)	
ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၂-၄-၂၀၀၉)	
ကျိုက္ခမီ	၃ ဒသမ ၉၀ လက်မ
မြစ်ကြီးနား	၁ ဒသမ ၃၈ လက်မ
ကော့ကရိတ်	၁ ဒသမ ၁၄ လက်မ